ဘာသန္တရကောဝိဒ ဝေဒတ္တယကောဝိဒ

တိပိဋကဆောက သီလဝန္တ - ပညာဝန္တ ဂဏပါမောက္ခ

စသည် ဥဿုံ၊ ကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံတော်မူသော

# အုန်ဖိုရ်ဆရာတော်ကြီးဘုရား

ရေးသားတော်မူအပ်သော

# ဂီတ သရုပ္ပဏ္ဏ ကျမ်း

၁၃၂၉ - ခုနှစ်၊ ကာမကလူ့ရွာနေ

အဘ-ဦးဘိုးအောင် အမိဒေါ်နှင်းမယ် တို့ကို အမှူးထား၍

ဘိုကလေးမြို့၊ မြစိမ်းရောင် (၆) လမ်းနေ

သားသမီးဖြစ်သူ ကိုလှထွန်းရှိန် - မခင်လှိုင်၊ သမီး မခင်လေး-

မမြင့်မြင့်သိန်း တို့ ၏

ဓမ္မဒါန

စာအုပ်ရေ (၁၀၀၀) ကောင်းမှု

နိတ်-လူသာခု ခေါ်စေသော်။

၁၁၁

ဘာသန္တရကောဝိဒ ဗေဒတ္တယကောဝိဒ

တိပိဋကဆောက သီလဝန္တ ပညာဝန္တ ဂဏပါမောက္ခ စသည်ညဿုံ၊

ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော

# အုဂ်ဖိုရိဆရာတော်ကြီးဘုရား

ရေးသားတော်မူအပ်သော

# ဂီတသဦပဋ္ဌကျမ်း

(ဓမ္မဒါန)

စာအုပ်ရေ-၁၀၀၀၊ ၁၃၂၉-ခု၊ တော်သလင်းလ။

# လျှောက်ထားတောင်းပန်ချက်။

မန္တလေး ရတနာပုဏ်မြို့။ မဟာဝိဇယာရာမပုညာ။ မှန်စီကျောင်း တောင်နန်းမတော်မိဖြုးကြီး ဆရာတော် ဉာဏာဝံသ သြီမဇ မဟာ ဓမ္မရာဇ ဂုရု။ လျှောက်ထား ၀ံ့ပါသည် အရှင်သူမြတ်ဘုရား။ ။နဘိက္ခုဝေအာယတကေန ဂီတဿရေန။ ဓမ္မောဂါယိတဗ္ဗော။ ယောဂါယေယျ အာ ပတ္တိ ဒုက္ကဋဿ။ ။ဟူသော စူဠဝါ ပါဠိတော်၏။ အဓိပ္ပေတတ္ထကို သိလိုလှပါသည် ဖြစ်၍။ အဆုံး အဖြတ် ကယ်မသနားတော် မူပါလျှင်။ ကြွားနာမှတ်သားရသဖြင့်။ သာသနာတော်မြတ်၏။ မပြတ်စည်ကား။ပွံ့ပွါး ထွန်းလင်းအံ့သောအရေးကို မြှော်တွေးထောက်ထား၍။ လျှောက်ဝံ့ပါသည်။ အရှင်သူမြတ်ဘုရား။

၁၂၄၃ - ခု၊ ဝါဆိုလ လျှောက်စာတန်း။

# ဂီတ သရူပဿ ဓာတန်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပုညဝန္တာနကာလေသု။ ရာဇူနံဘူဇလေဟာယံ။ ဥတ္တာ နေန္တိဇ္ဇူ ရတ္နာနိမန္တလ ဩဓိဿရညော၀။ ။တေဇုတ္တာနာ၀တ မညေ။ ဂီတ ပုစ္ဆာပိ ဂုဒ္ဓိယာ။ ပရိဟာရိဿ မေတာဟံ။ သာသနဿာ နုပါလိကံ။ ။ဤကားပဋိညာဂါထာ။

ပုညဝန္တာနံ။ ဘာဝများစွာ။ သံသရာက။ သမ္ဘာ၀စုရုံး။ ဘုန်းရှိကုန်သော။ ရာဇူနံ။ မမှာ သောကမင်း ဒုဋ္ဌဂါမဏိမင်း။ အစရှိကုန်သောမင်းတို့၏။ ကာလေသု။ သမ္ဘာနှိုးဆော်။ ထွန်းပေါ်ကုန်သောကာလတို့၌။ ရတ္နာနိ။ ဟာဒယရွှင်ပျုံး။ ပိုက်ယူကျုံး၍။ သုံးအပ်များစွာ။ ရတ္နာတို့သည်။ ဘူဇလေဟိ။မြေဓါတ်ရေဓါတ် အရပ်ရပ်တို့မှ။ ဥတ္တာနေန္တိရူ၀။ ဂင်္ဂါမျက်မှော်။ ပေါ်ရော်လာကုန်၏သို့။ တထာ။ ထိုအတူ။ အဇ္ဇကာလမသ္မိံ ကာလေ။ ထောင်နှစ်ရာ ၄ ဆယ်။ စွန်းကယ်၃ခု။ ကောဇာပြုသင်္ချာ။ဤအခါ၌။မန္တလ ဩဓိဿရညော။ ဘုရားဗျာဒိတ်။ ကြူနိုင်ပံ့မွေး။ ဆောင်မန္တလေးရိပ်။စက်နိမိတ်၌။ ဒေဝိဿရ။ ဖန်လာပြသွဲ့သို့။ ရတ္နာပုဏ္ဏ ရာဇဌာနီ။ ရွှေပြည်တော်ကြီးကို။ ရာထီးနှင့်တကွ။ စိုးရကြက်

သရေ။ ထွန်းနေလျှံတော်။ နှစ်ကြိမ်မြော်သော။ ဒုတိယ ဓမ္မ ရာဇ်တရားမင်းမြတ်၏။ တေဇာတေဇေန။ နှုန်းဘက်မပေါ်။ ရွှေ ဘုန်းတော်ကြောင့်။ အယံဂီတပုဏ္ဏာပိ။ ဤအာယတက ဂီတ ဓမ္မ ပုဏ္ဏာ။ ရတနာ္ဘသည်လည်း။ဥတ္တာနာဝတ၊ထင်ရှားစွာဘိ။ ပေါ်လာ ၏သကားဟု။မညေမညမာနော။ မှတ်ထင်အောံမေ့လျက်။ သာ သနသ။သာသနာတော်၏။ စုဒ္ဒိယာ။ ကြီးမားမြင့်မြတ်။ မပြတ် ထိန်ဝင်း။ ထွန်းလင်းစေခြင်းငှါ။တော်။ ဤပုဏ္ဏာကို။အနုပါလိကာ၊ ကျမ်းဂန်နှင့်အညီ။ အဟံ။ ငါသည်။ ပရိဟာ ရိဿံ။ နှစ် နောမ တန့်။ ဖြေဆိုအံ့။

ယင်းသို့ လျှော်ထားတောင်းပန်အပ်သော ပုဏ္ဏာ၌။ ။တိ လောကဂ္ဂ။ သယမ္ဘူဉာဏဂ္ဂ ဖြစ်တော် မူသော မြတ်စွာဘုရား သည်။ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌။ ကိန်းအောင်း မွေ့လျော်။ စမွယ်တော်မူသောအခါ။ ဆဗ္ဗဂ္ဂီရဟာန်းတို့သည်။ လူတို့ကဲ့သို့။ အာယတက ဂီတဖြင့်။ ပါဠိဓမ္မကို။ ဟောကြားလေ သောကြောင့်။ လူတို့ကြဲ့သံကို။ ကြားသိတော်မူ၍။

နဘိက္ခဝေ ဟူသော။ စူဠဝါ ပါဠိတော်ကို။ ဟော တော်မူ အပ် သည်။ ။ဘိက္ခဝေ။ ရဟန်းတို့။ အာယတကေန။ သုတ်ဇာတ် ဂါထာ။သုံးဖြာအရှိ ပါဠိဓမ္မ၏။ ဝါ။ ပါဠိဓမ္မကို။ သရ ဘည ခတ်။ ဟော ရွတ်ချီးနှင့်တကွ။ ဗျည်းခရာပုဒ်။ မှန် သရုပ် ကို ထုတ်ပြစ်ပယ်ရှား။ ပျက်ပြားစေ၍။ ထွေလာ ဆန်းကြယ်။ ပြဲ့ ယာယ်ဝေဝုစ်။ ပါဠ်ခဠုဂ် ဖြစ်ကုန်သော ဗျည်းခရာပုဒ် တို့ဖြင့်။ သမဏာသာရုပ်။ မဟုပ်စွင့်စွင့်၊ အလွန်ရှည်မြင့် စွာဖြစ် စေအပ်

သော။ ဂီတဿရေန။ သီချင်းသံဖြင့်။ ဓမ္မော။ ပါဠိဓမ္မကို။ နဂါယိတဗ္ဗော။ မဟော မသီအပ်။ ယော ဘိက္ခု။ အကြင်ရဟန်းသည်။ ဂါယေယျ။ ဟောသီဦးအံ့။ သောဘိက္ခု။ ထိုရဟန်းသည်။ ဒုက္ကဋဿ။ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ။ဤကားယောဇနာ။

ဤယောဇနာကို၊ ယင်း၏ အဋ္ဌကထာ၌။ ။နဘိက္ခဝေ အာယတကေနာတိ ဧတ္ထ အာယတ ကောနာမ၊ တံတံဝတ္တံ ဘိန္ဒိတွာ အက္ခရာနိ ဝိနာသေတွာ ပဝတ္တော။ ဟူ၍ ဖွင့်အပ်သောပါဠိကိုဋ်း။ ပဉ္စက အင်္ဂုတ္တိုရ် အဋ္ဌကထာ၌။ ။အာယတကေ နာတိ။ ဒီနေဿ။ ပရိပုဏ္ဏ ပဒဗျဉ္ဇနကထံ။ ဂါထာဝတ္တဉ္စ။ ဝိနာ သေတွာပိ ပဝတ္တေန။ ။ဟူ၍ ဖွင့်အပ် သော ပါဠိကိုဋ်း၊ ထောက်ရှု၍ သိအပ်၏။ ။နဘိက္ခဝေ အာယတကေ နာတိ ဧတ္ထ။ နဘိက္ခဝေ အာယတကေန ဟူသော ဤပါဠိ၌။ တံတံဝတ္တံ။ ထိုထိုသုတ်ဇာတ်ဂါထာ။ သုံးဖြာ အရှိ၊ ပါဠိဓမ္မ၏။ ဝါ။ ပါဠိဓမ္မကို။ ဟောရွတ်ရာ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်း ဟူသော သရဘညဝတ်။ ဟောရွတ်နည်းကို။ ဘိန္ဒိတွာ။ ဖျက်ဆီး၍။ အက္ခရာနိ။ ခရာပုဒ်ဗျည်းတို့ကို။ ဝိနာသေတွာ။ ပျက်စေ၍။ အတိဒီဃံ။သမဏာ သာရုပ်။မဟုပ်စွင့်စွင့်။ အလွန် ရှည်မြင့်စွာ။ ပဝတ္တော။ဖြစ်စေအပ်သော၊ အသံသည်။ အာယတကောနာမ။ အာယတကမည်၏။ ။အာယတကေနာတိ။ အာယတကေ န ဟူသည်ကား။ ပရိပုဏ္ဏပဒဗျဉ္ဇနကထဉ္စ။ ကောင်းမြတ်ကုန်လုံ။ ပြည့်စုံသော။ ပုဒ်ဗျည်းခရာရှိ။ပါဠိစကားကိုဋ်း။ဝါ။ပုဒ်ဗျည်းခရာပါဠိ အစီအရင်အစပ်အရှဉ်ကိုဋ်း။ ဂါထာဝတ္တဉ္စ။ ဂါထာ၏။ ဝါ။ ဂါ

ထာကို။ ဟောရွတ်ရာ။ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်းဟူသောသရဘာညဝတ်။ ဟောရွတ်နည်းကိုင်း။ တန်းကား။ ပရိပုဏ္ဏပဒဗျဥ္ဇနကထံ။ ကောင်းမြတ်ကုန်လုံ။ ပြည့်စုံသော ပုဒ်ဗျည်းခရာပါဠိအစပ်အရှည်ရှိသော။ ဂါထာဝတ္တဥ္စ။ ဂါထာ၏။ ဝါ။ ဂါထာကို။ ဟောရွတ်ရာ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်းဟူသောသရဘာညဝတ်။ ဟောရွတ်နည်းကိုလည်း။ ဝိနာသေတွာပိ။ ပျက်စေ၍လည်း။ ပဝတ္တေန။ ဖြစ်စေအပ်သော။ ဒီဃေန။ အလွန်ရှည်မြင့်စွာသော။ ဂီတဿရေန။သီချင်းသံဖြင့်။ ဓမ္မော။ ပါဠိဓမ္မကို။ နဂါယိတဗ္ဗော။ မဟောမသီအပ်။ ။ဤကားယောဇနာ။ ။

အက္ခရာနိ ဝိနာသေတွာ ဟူသောပါဠိ၌။ အက္ခရဝိနာသန ဟူသည်ကို။ နေဝံ၌ ဆိုလတန့်ကုန် သော။ ဗြာဟ္မဏ စဏ္ဍာလပုဏ္ဏားတို့ ကဲ့သို့။ ပါဠိဓမ္မတို့၌။ ကြိုးကြားကြိုးကြား ဟုပ်မှန်ကုန်သော။ ဗျည်းခရာပုဒ်တို့ကို။ ထုတ်ပြစ်ပယ်ရှား၍။ ကိလေသသန္နိဿိတပုဒ်တို့ကို ထည့်သွင်းလျက်။ ဟောရွတ်ခြင်းကိုသာလျှင်။ အက္ခရဝိနာသနဟုမှတ်။ ဂရု လဟုစသည်။ ဖော်ပြန်ခါမျှကို။အက္ခရ ဝိနာသနဟုမမှတ်လင့်။ ထိုကြောင့်။ ဝတ်ပျက်လျှင်ပင်။ ဗျည်းခရာပုဒ်ပျက်တော့သည်။ ဗျည်းခရာပုဒ် ပျက်လျှင်လည်း။ ဝတ်ပျက်တော့သည်ဟုမှတ်ယူလေ။ ဤကိုရည်၍အဋ္ဌကထာ၌။ အက္ခရာနိဝိနာသေတွာဟူသောပါဠိကိုပယ်ဖျော်၍။ ။ ဓမ္မေပနသုတ္တန္တဝတ္တံ နာမအတ္ထိ ။ဇာတကဝတ္တံ နာမအတ္ထိ။ဂါထာဝတ္တံ နာမအတ္ထိ။တံဝိနာသေတွာအတိဒီဃံ ကာတုံ နဝဋ္ဋတိ။ ။ ဟူသောပါဠိကို ဖွင့်ဆိုအပ်ပြီ။နေဝံ၌လည်း ထင်လတန့်။ ။ နေဝံပါဠိ၌။ ကထံ ဟူသောပုဒ်၏ အနက်ကို။ မဟာနိမိ အ

ဘိဓာန်၌။ ။ကထး။ ဝါကျရစနာယံ။ ။ဟူ၍လာသည်ကို ထောံရှု၍သိအပ်၏။ ။ကထး။ ကထပုဒ်သည်။ ဝါကျရစနာယံ။ ဝါကျ အစီ အရင် အစပ် အရှည် ဟူသော အနက်၌ ဖြစ်၏။ ။ဤကားယောဇနာ။ ။ရှေးပါဠိ၌။ တံတံဝတ္တံ ဟူသောပုဒ်ကို။ ။တဿတဿမဂ္ဂဿဝတ္တံ။ ။တံတံဝတ္တံ။ ။ဟူ၍ဝစနတ္ထပြု။ ။ဝတ္တပုဒ်၏ဝစနတ္ထကား။ နေခံ၌ထင်လတ္တံ့။ ။တဿတဿမဂ္ဂဿ။ ထိုထိုသုတ်ဇာတ်ဂါထာ။ သုံးဖြာအရှိ။ ပါဠိမဂ္ဂ၏။ဝါ။ကို။ဝတ္တံ။ဟောရွတ်ရာ။ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်းဟူသော သရဘညဝတ်။ ဟောရွတ်နှုန်းသည်။ တံတံဝတ္တံ။ တံတံဝတ္တမည်၏။ ။ဤကားယောဇနာ။ ။တံတံဝတ္တံ။ လ။

ဝိနာသေတွာဟူသောပါဠိဖြင့်။ အာယတကပုဒ်၌။ အာသဒ္ဒါ၏ သွံကာရတ္ထ။ ကောပတ္ထတို့ကိုပြသည်။ ပဝတ္တော ဟူသောပါဠိဖြင့်။ ယတဓာတ်၏။ အတိဒီဃဟူသော။ အတိသယတ္ထနှင့်တကွ။ ပဝတ္တနတ္ထကိုပြသည်ဟုမှတ်။ ။နေခံပါဠိ၌လည်းနှုန်းတူ။ ဒီဃေနပါဠိဖြင့်၊ အတိသယတ္ထကိုပြ။ ။သွံကာရတ္ထ ကောပတ္ထတို့ကို။မုတ္တာဝလိအဘိဓာန်၌။ ။သွံကာရး။ ကောပး၊ ။သွံကာရး ပုံ။သွံ။ကာရး။ အင်္ဂီကာရ၊ ပြတိညာ။ ။ဟူ၍လာသည်ကို၎င်း။ ။ဧ ပကာသိကအဘိဓာန်၌။ ။ပြတိညာ၊ သြံ။ ပြတိညာ။ ကရ္တဗျ ရှူပေ။အဝဓာရဏ။ ။ဟူ၍လာသည်ကို၎င်း။ ။မဟာနိမိအဘိဓာန်၌။ ။ဝါကျ သမ္မတိ။ဘိန္နေ။ ။ဟူ၍လာသည်ကို၎င်း။ ထောံရှု၍

သိအပ်၏။ ။ကောပဘိန္နနှစ်ပုဒ်တို့ကား။ သဘောတူ။ အမည်မျှ
သာကွဲပြားသည်။ ။သွံကာရး။ အစိတ်ပြုခြင်း။ တားမြစ်ခြင်း။
ကောပး။ပျက်ခြင်း။ ။သွံကာရ။သွံကာရပုဒ်သည်။ပုံ။ပုံလိန်။
သွံ။သွံပုဒ်။ကာရး။ကာရပုဒ်။အင်္ဂကာရး။အစိတ်ပြုခြင်း။ ပြတိ
ညာ။ ပြုအပ်သောသဘော၌ တားမြစ်ခြင်းအနက်ရှိ၏။ ။ပြတိ
ညာ။ပြတိညာပုဒ်သည်။သြတြံ။ ထိလိန်။ ပြ။ပြပုဒ်။တိညာ။တိညာ
ပုဒ်။ကင်္တဗျရူပေ။ ပြုအပ်သောသဘော၌။ အဝဓာရဏား။ တား
မြစ်ခြင်းအနက်ရှိ၏။ ။ဝါကျသမ္ဘုတိ။ ဝါကျပြည့်စုံခြင်း။ ဘိန္နေ
ပျက်ခြင်း၌။ ။ဤကားယောဇနာ။ ။ဤအာသဒ္ဒါ၏အရာ၌။
သွံကာရ။ ကောပ ၂းကိုသာအလိုရှိအပ်သည်။ ။ဤအာယ
တကပုဒ်ကို။ ။ဝတ္တာက္ခရာနိ။အာပဋိသေဓေတွာ။ အထဝါ။
တာနိအာဝိကောပေတွာ။ အတိဒီဃေန။ ယတာပိယတော။
ပဝတ္တာပိယတောတိ။ အာယဘကော။ ။ဟူ၍ဝစနတ္ထပြု။ ။
ယောသဒ္ဒေါ။ အကြင်အသံကို။ ဝတ္တက္ခရာနိ။ သရဘာညဝတ်
ခရာပုဒ်ဗျည်းတို့ကို။ အာပဋိသေဓေတွာ။ တားမြစ်၍။ အထဝါ။
တန်ုးကား။တာနိ။ ထိုသရဘာညဝတ်။ ခရာပုဒ်ဗျည်းတို့ကို။ အာ
ဝိကောပေတွာ။ ပျက်စေ၍။ အတိဒီဃေန။သမဏာ သာရုပ်။ မ
ဟုပ်စွင့်စွင့်။ အလွန်ရှည်မြင့်သောအားဖြင့်။ ဝါ။ အလွန်ရှည်မြင့်
စွာ။ ယတာပိယတော။ ပဝတ္တာပိယတော။ ဖြစ်စေအပ်၏။ ဣတိ။
ထိုကြောင့်။ သော သဒ္ဒေါ။ ထိုအသံသည်။ အာယတကော။
အာယတကမည်၏။ ။ဤကားယောဇနာ။ ။တံတံ
ဝတ္တံပုဒ်၏။ အဘိဓေယျတ္ထကိုင်း။ ပဝတ္တပုဒ်၏။ အတိသယတ္ထကို
င်း။ ပြတော်မူခြင်းငှာ၊ စူဠဝါ အဋ္ဌကထာ၌။ ။ဓမ္မပန

သုတ္တန္တဝတ္တံ နာမအတ္ထိ။ ဇာတကဝတ္တံ နာမအတ္ထိ၊ဂါထာဝတ္တံ နာမအတ္ထိ ။ တံဝိနာသေတွာ၊အတိဒီဃံ ကာတုံ နဝဋ္ဋတိ။ ။ဟူ၍ ဖွင့်အပ်ပြီ။ ။ပန။ ထင်စွာဆိုဦးအံ့။ ဓမ္မေ။ ပါဠိဓမ္မ၌။ သုတ္တန္တ ဝတ္တံ နာမ။သုတ္တန်၏။ဝါ။ကို။ ဟောရွတ်ရာ။ ဟောရွတ်ကြောင်း ဟော ရွတ် ခြင်း ဟူ သော။ သရ ဘညဝတ်။ ဟောရွတ်နည်း မည်သည်။အတ္ထိ။ရှိ၏။ ဇာတကဝတ္တံ နာမ။ ဇာတ်၏။ ဝါ။ ကို။ ဟောရွတ်ရာ။ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်း ဟူသော။ သရဘညဝတ်။ ဟောရွတ်နည်းမည်သည်။ အတ္ထိ ။ ရှိ၏။ ဂါထာ ဝတ္တံ နာမ။ဂါထာ၏။ဝါ။ ကို။ ဟောရွတ်ရာ။ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်း။ ဟူသော သရဘညဝတ်။ ဟောရွတ်နည်းမည် သည်။ အတ္ထိ ။ ရှိ၏။တံ။ ထိုဝတ်ခါးကို။ဝိနာသေတွာ။ ပျက်စေ ၍၊အတိဒီဃံ ။ သမဏသာရုပ်။ မဟုတ်စွင့်စွင့်။ အလွန်ရှည်မြင့် စွာ။ကာတုံ။ဟောရွတ်ခြင်းငှါ။ နဝဋ္ဋတိ။မအပ်။ ။ဤကား ယောဇနာ။

ဤပါဠိ၌။ နာမပုဒ်ကို။ သမ္ဘာဝနတ္ထ၌မှတ်။ ။လောက ၌သာ။ သရဘညဝတ်။ ဟောရွတ်နည်း ရှိသည်မဟုတ်။ ပါဠိ ဓမ္မ၌လည်း။ သုတ်ဇာတ်ဂါထာ ဓမ္မတို့နှင့်။ စပ်၍ ရှိသည် သာလျှင်တည်းဟု။ သရဘညဝတ်ကို ချီးမြှောက်အပ်သည်။ ဤ ဝတ်ခါး၌။ သမ္ဘာဝနတ္ထ ကြောင့်။ ပါဠိဓမ္မ၏ အစွမ်းဖြင့်။ ပရိ ပုဏ္ဏပဒဗျဉ္ဇနရှိသော။ သရဘညဝတ် ကိုသာ ယူအပ်၏။ သာ မည သရဘညဝတ်ကို မယူလင့်။ ။နာမပုဒ်၏ သမ္ဘာဝနတ္ထ ကို။ပကာသိကအဘိဓာန်၌။ ။နာမ။ကိုး ။ နာမန်။ အဘိဓာန။

အာချာ။သံဠော။ကိတ္တိ၊ သမ္ဘာဝနာ၊ပြကာဂျ။ ၊ဟူ၍လာသည်

ကိုထေခံရှု၍သိအပ်၏။ ။နာမ။ နာမပုဒ်သည်။ကွိ ။ နပုံလိန်။ နာမန်။နာမ်ပုဒ်။ အဘိဓာန။ အမည်။အာချာ။ ခေါ်ဝေါ်ခြင်း။ သံဉာ။သိစေခြင်း။ကိတ္တိ။ ကျော်စောခြင်း။ သမ္ဘာဝနာ။ချီးမြှောက်ခြင်း။ ပြကာဂျ။ ထင်ရှားပြခြင်းအနက်ရှိ၏။ ။ဤကားယောဇနာ၊ ။ထိုဝတ်ခါးကို။ ဓမ္မာကာရ အစွမ်းဖြင့်သာလျှင်။ ဖွင့်ဆိုအပ်သည်။ ဥစ္စာရဏာ ကာရ၏ အစွမ်းဖြင့်ကား။ ပရိပုဏ္ဏပဒဗျဥ္စနရှိသော။ သမဏာသာရုပ်၊ ဥစ္စာရဏာ အတူတူ ပင်ဟုမှတ်ထိုသို့တူကြောင်းကို။ယခင်အဌကထာ၌။ ။

စတုရဿေနဝတ္တေန။ပရိမဏ္ဍလာနိ။ပဒဗျဥ္စနာနိ။ ဒဿေတဗ္ဗာနိ။ ။ဟူ၍ဖွင့်အပ်ပြီ။ဓမ္မံ ။ ပါဠိဓမ္မကို။ဘဏန္တေန။ ဟောရွတ်သောရဟန်းသည်။ စတုရဿေန။ ၄ ပါဒတို့ဖြင့်။ အမွှဆိုမပြီး။ ချီးမွမ်းအပ်သော။ ဝါ ။ ရေတွက်ပေါင်းရုံး။ အကျဥ်းချုံးအပ်သော။ ဝါ။ သာယာကြူးချီ။ ရွတ်သီအပ်သော။ ဝါ။ စီကုန်းနှုန်းဖွဲ့အပ်သောဂါထာ၏။ ဝါ။ ကို။ ဟောရွတ်ရာ။ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်းဟူသော။ ဝတ္တေန၊ သရဘညဝတ်၊ ဟောရွတ်နည်းဖြင့်၊ ပရိမဏ္ဍလာနိ။ သမဏာသာရုပ်။ ဟုပ်မှန်ဖြစ်ထွန်း။ အဝန်းညီညွတ်ကုန်သော။ ဝါ။သဗ္ဗညုတညာဏ်၏။တံဆာသဖွယ်ဖြစ်ကုန်သော။ ဝါ။ တံဆာအပေါင်းဖြစ်ကုန်သော။ ဝါ။ မြင့်မြတ်သော အသံဖြင့် ပူဇော်အပ်ကုန်သော။ ပဒဗျဥ္စနာနိ။ ပုဒ်ဗျည်းခရာတို့ကို။ ဒဿေတဗ္ဗာနိ။ ဟောပြအပ်ကုန်၏။ ။

တန်းကား။ ။စတုရဿေန။ ကောင်းမြတ် ကျစ်လျစ်။ အပြစ်မရှိသော။ဝါ။ ပါဠိဓမ္မအား။ခန့်ညားကုန်လုံ။ပြည့်စုံသော

ပုဒ်ဗျည်းခရာရှိသော။ဝတ္တေန။သရဘာညဝတ်။ ဟောရှတ်နျှးဖြင့်။ အကြွင်းကားရှေးနျှး။ ။ဤကားယောဇ္နာ။ ။

ဤယောဇ္နာကို။ ဝဇီရဗုဒ္ဓိ ဋီကာ၌။ ။စတုရဿ ဝတ္တံ နာမ။စတုပ္ပါဒဂါထာဝတ္တံ။ ။ဟူ၍ ဖွင့်အပ်သောပါဠိကိုင်း။ တေရသကဏ္ဍဋီကာ။ ဝိမတိ ဋီကာတို့၌။ ။စတုရဿေန ဝတ္တေနာတိ။ ပရိပုဏ္ဏေန။ ဥစ္စာရဏာဝတ္တေန။ ။ဟူ၍ ဖွင့်အပ်သော ပါဠိကိုင်း။ ထေ၀ံရှု၍သိအပ်၏။ စတုပါဒဂါထာဝတ္တံ။ ၄ပါဒ တို့ဖြင့်၊ ဟောရှတ်အပ်သော။ဝါ။၄းပါဒတို့ဖြင့်။စီကုန်းနှုန်းဖွဲ့အပ် သော။ ဂါထာ၏။ဝါ။ကို။ ဟောရှတ်ရာ။ ဟောရှတ်ကြောင်း။ ဟောရှတ်ခြင်း ဟူသော။ သရဘာညဝတ်။ ဟောရှတ်နျှးသည်။ စတုရဿဝတ္တံ နာမ။ စတုရဿဝတ္တမည်၏။ ။

စတုရဿေနဝတ္တေနာတိ။ စတုရဿေနဝတ္တေနဟူသည်ကား။ ပရိပုဏ္ဏေန။ကောင်းမြတ်ကျစ်လျစ်။အပြစ်မရှိသော။ ဝါ။ ပါဠိ မမှအား။ ခန့်ညားကုန်လုံပြည့်စုံသော။ ပုဒ်ဗျည်းခရာရှိသော။ ဥစ္စာရဏာဝတ္တေန။ ဟောရှတ်ရာ။ ဟောရှတ်ကြောင်း။ ဟောရှတ် ခြင်းဟူသော။ သရဘာညဝတ် ဟောရှတ်နျှးဖြင့်။ ဝါ။ ဟောရှတ် ခြင်း၏တည်ရာ။ သရဘာညဝတ်။ ဟောရှတ်နျှးဖြင့်။ ။ဤကား ယောဇ္နာ။ ။

စတုရဿဟူသောပုဒ်ကို။ စတုအဿဟူ၍ ပုဒ်ဖြတ်။ ရအာဂုံ စတုပုဒ်သချာ။အဿပုဒ်သည်။ ကောသတ္ထ၌ဖြစ်၏။ ။စတူဟိ ပါဒေဟိ။ အသျှတေ။ ပသံသိယတေ။သံဂယှတေ။ ဂါယျတေ။

ဂန္ဓိယတော။ တိဝါ။ စတုရသာ။ ဂါထာ။တာယဥစ္စာရဏန္တိ စတုရသာဝတ္တံ။ ။ဟူ၍ ဝစနတ္ထပြု။ ။

ယာဂီတိ။အကြင်ဂီတိကို။ စတူဟိပါဒေဟိ။ ၄ပါဒတို့ဖြင့်။ အသျှတော။ပသံသိယတော။ အမ့်ဆိုမပြီး။ ချီးမွန်းအပ်၏။ ဝါ။ တန်ျးကား။အသျှတော။ သံဂဟာ၂တော။ရေတွက်ပေါင်းရုံး။အကျဉ်းချုံးအပ်၏။ ဝါ။တန်ျးကား။ အသျှတော။ သံဂဟာ၂တော။ ဂါယျတော။သာယာကြူးချီ။ရွတ်သီအပ်၏။ဝါ။တန်ျးကား။အသျှတော သံဂဟာ၂တော။ဂန္ဓိယတော။စီကုန်းနှုန်းဖွဲ့အပ်၏။ဣတိ။ထိုင့ါးသော သကတ်ကြောင့်။ သာဂီတိ။ ထိုဂီတိသည်။ စတုရသာ။ စတုရသာမည်၏။ ဂါထာ။ဂါထာကို။ လဗ္ဘတိ။ ရအပ်၏။ တာယ။ ထိုဂါထာ၏။ ဝါ။ ကို။ဥစ္စာရဏံ။ ဟောရွတ်ရာ။ ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်းတည်း။ဣတိ။ထိုဟောရွတ်ရာ။ဟောရွတ်ကြောင်း။ ဟောရွတ်ခြင်းဟူသော သကတ်ကြောင့်။ စတုရသာ။ စတုရသာမည်၏။ဝတ္တံ။ သရဘညဝတ်။ ဟောရွတ်နျးကို။ လဗ္ဘတိ။ ရအပ်၏။ ။ဤကားယောဇနာ။ ။

အဆုံးဝစနတ်၌။ တဒ္ဓိတ်သပစ္စ၂းမှတ်။ဝိစိတြာဟိတဒ္ဓိတစုတ္တိ။ ဟူသည်နှင့်ညီစေ။ ။ဟိ။မှန်၏။ တဒ္ဓိတဝုတ္တိ။ တဒ္ဓိတ်ဝါစကတို့သည်။ ဝိစိတြာ။ ဟောအပ်မပြယ်။ ဆန်းကြယ်ကုန်သော ဝါစ္စရှိကုန်၏။ ။စတုရသာဟူသောပုဒ်၏အနက်ကို။ ပကာသိက အဘိဓာန်။မုတ္တာဝလိအဘိဓာန်တို့၌။ ။စတုရသ္ဒးဝိ။ စတုရ်။ အသ္။ ။ဟူ၍လာသည်ကိုင်း။ ။ဒြုမအဘိဓာန်၌။ ။အသ္။ ပုံ။ ကောဏး။ကောဂး။ ။ဟူ၍လာသည်ကိုင်း။ ။မုတ္တာဝလိအဘိဓာန်၌။ကောဏပုဒ်၏အနက်ကိုပြရာ။ ။အဂြဘာဂး။

တတ်ပ⁰ယျာယ။ ပါလိ။ ။ပါလိ။ ပြဂံသာ။ ။ဟူ၍ လာ
သည့်ကိုင်း။ ။မဟာနိမိအဘိဓာန်၌။ ကောသပုဒ်၏အနက်ကို
ပြရာ။ ။ဂဗ္ဗာဒိသံဂြဟေ။ မဥ္ဇူမြါယာမ်။အဒဏ္ဍာနေ။ ။ဟူ၍
လာသည့်ကိုင်း။ ထောံရှု၍သိအပ်၏။ ။

စတုရသုး။စတုရသ့ပုဒ်သည့်။ ဝိံ။ ဝိသိသ်တည်း။ စတုရ်။
စတုရ်ပုဒ်။ အသုး။ အသ့ပုဒ်။ ။အသ့။ အသ့ပုဒ်သည်။ ပုံ။
ပုံလိန်။ ကောဏး။ စောင်းစသည်ကို ကြူးရင့်တီးမှုတ်ကြောင်း
ဝတ္ထု။ဝါ။ချီးမွန်း၍ဆိုအပ်ဆုံခြင်းစကား။ကောဂဓး။သဒ္ဒါစသည့်
ကို။ရေတွက်ပေါင်းရုံး။အကျဉ်းချုံးအုပ်ခြင်း။ သာယာကြူးချီ။
ရွှတ်သီစီကုန်းနှုန်းဖွဲ့ခြင်း အနက်၌ဖြစ်၏။ အဂြဘာဂဓး။အမြတ်
အစွန်း။ ချီးမွန်းခြင်းစကား။ တတ်ပ⁰ယျာယ။ ထိုပုဒ်၏ပြိယာယ်
ကား။ ပါလိ။ ပါလိပုဒ်ငုံးတည်း။ ပါလိ။ချီးမွန်း၍ ဆိုအပ်ဆိုခြင်း
စကား။ ပါလိ။ ပါလိပုဒ်သည်။ ပြဂံသာ။ ချီးမွန်း၍ဆိုအပ် ဆို
ခြင်းစကား၌ဖြစ်၏။ ကောဂ။ကောသပုဒ်သည်။ ဂဗ္ဗာဒိသံဂြဟေ။
သဒ္ဒါစသည်ကို။ ပေါင်းရုံးချုံးအုပ်။ ကြူးလှုပ်ရွတ်သီ။ စီကုန်း
နှုန်းဖွဲ့ခြင်း၌။ ပဥ္ဇူမြါယာမ်။ တံတင်းသစ်တာ၌။ အဏ္ဍာဒနေ။
အဖွဲ့အဖုံး။အပိတ်အနက်၌ဖြစ်၏။ ဤကားယောဇနာ။

အသ့။ ပုံဟူရာ၌၊ ပုံကား၊ ဥပလက္ခဏာန်ုး။ အသ့ပုဒ်သည်။
လိန်ဥါး၌ဖြစ်၏။ ထိုကြောင့်။ ဒြုမအဘိဓာန်၌။ ။စတုရသ့။
တြိံ။ ။ ။ဟူ၍လာသည့်ကိုင်း။ ။ပကာသိက အဘိဓာန်၌။
အသ့။ ပုံ။ကိံ။ ။ဟူ၍လာသည့်ကိုင်း။ ထောံရှု၍သိအပ်၏။
လ

စတုရဿ။ စတုရဿပုဒ်သည်။ ဤံ။ လိန်ဥါး။ ။အဿ။ အဿပုဒ်သည်။ ပုံ။ပုံလိန်လည်းဟုပ်။ က္လိံ။ နပုံလိန်လည်းဟုပ်တည်း။ ။ဤကားယောဇ္နာ။ ။တန်းကား။ ။စတုရဿံ ပုဒ်ကို။ စတုအံသဟူ၍ပုဒ်ဖြတ်။ ရသအာဂုံ။ ။စတုဘူတော။ အံသော ဘာဂေါ ကောဋ္ဌာသော တဿာတိ စတုရဿာ။ ။ ဟူ၍ဝစနတ္ထပြု။

တဿာ။ ထိုဂီတိအား။ စတုဘူတော။ ၄ ခုဖြစ်၍ဖြစ်သော၊ အံသောဘာဂေါ။ ကောဋ္ဌာသော၊ အဖို့အစုသည်။အတ္ထိ။ရှိ၏။ ဣတိ။ ထိုကြောင့်၊သာဂီတိ။ ထိုဂီတိသည်။ စတုရဿာ။ စတုရဿမည်၏။ ။ဂါထာကိုရစေ၍ ဝတ္တပုဒ်နှင့် ယသာလာဘာ။ ယောဇ္နာ။ ။ဤန်းတို့ကို ဝဇီရဗုဒ္ဓိဋီကာ အဖွင့်၌မှတ်။ ။ တန်းကား။ ။စတုရဿပုဒ်ကို။ စတုရ အဿ။ ဟူ၍ပုဒ်ဖြတ်။ စတယတိဒက္ခတိ။ အထဝါ၊ စတယတိနိပုဏာတိ။ အက္ခမတီတိ။ စတုရံ။ ပဒဗျဉ္ဇနံ။ အတ္ထောစေတေန အသျှတောဘဝတေ။ အက္ခ၂ တေတိဝါ။ အဿံ။ တထေဝ။ စတုရံကုသလံ။ အထဝါ၊ စတုရံ နိပုဏံအက္ခမံ အဿံတေသိံ တိ စတုရဿံ။ ဝတ္တံ။ ။ဟူ၍ ဝစနတ္ထပြု။

ယံပဒဒြုတံ။ အကြင်ပုဒ်ဗျည်းခရာသည်။ စတယတိဒက္ခတိ။ ကောင်းမြတ်ကျစ်လျစ်။ အပြစ်မရှိဖြစ်၏။ အထဝါ။ တန်းကား။ စတယတိနိပုဏာတိအက္ခမတိ။ ပါဋ္ဌိမမှအား၊ ခန့်ညားကုန်လုံ၊ ပြည့်စုံ၏။ ဣတိ။ ထို၂ါးသောသကတ်ကြောင့်။ တံ။ ထိုပုဒ်ဗျည်းခရာသည်။ စတုရံ။ စတုရမည်၏။ ပဒဗျဉ္ဇနံ။ ပုဒ်ဗျည်းခရာကို။

လဗ္ဘတိ။ ရအပ်၏။ တေန။ ထိုပုဒ်ဗျည်းခရာဖြင့်။ ဝါ။သည်။ အတ္ထော။ အနက်သည်။ ဝါ။ ကို။ အသျှတောဘဝတေ။ဖြစ်၏။ ဝါ။ တန်းကား။ အသျှတောဘဝတေအက္ခတေ။ ဟောအပ်၏။ ဉာတိ။ ထိုသို့အနက်၏ဖြစ်ကြောင်း။ အနက်ကိုဟောတတ်သည်၏ အဖြစ်ကြောင့်။ တံ။ ထိုပုဒ်ဗျည်းခရာသည်။ အဿံ။ အဿ။ မည်၏။ တထေဝ။ ထိုပုဒ်ဗျည်းခရာကိုပင်လျှင်။ လဗ္ဘတိ။ ရအပ်၏။ တေသ္မိံ။ ထိုသရဘညဝတ်။ ဟောရွတ်နျိုး၌။ စတုရံကုသဏံ။ ကောင်းမြတ်ကျစ်လျစ်။ အပြစ်မရှိသော။အထဝါ။ တန်းကား။ စဘုရံနိပုဏံအက္ခမံ။ ပါဠိမမွအား။ ခန့်ညားကုန်လုံ။ပြည့်စုံသော။ အဿံ။ ပုဒ်ဗျည်းစရာသည်။ အတ္ထိ။ ရှိ၏။ ဉာတိ။ ထိုကြောင့်။ တံ၊ ထိုသရဘညဝတ်၊ ဟောရွတ်နျိုးသည်။ စတုရဿံ။ စတုရဿမည်၏။ ဝတ္တံ။ သရဘညဝတ်ဟောရွတ်နျိုးကို။ လဗ္ဘတိ။ ရအပ်၏။ ။ဤကားယောဇနာ။

ဤအဿပုဒ်၏ ဝစနတ္ထကို။ ဗျဉ္ဇိယတိအတ္ထော မေတ ဟိတိဗျဉ္ဇနာ။ ဟူသော ဝစနတ်ကဲ့သို့မှတ်။ ။ဩကားစောင့်တောင်။ နိဂ္ဂဟိတ်သွယ်သွယ်။ ရွတ်စလွယ်၏။ ။ဟူ၍ကြုံးရင့်အပ်သော။ နယရွှေသိမ်းသောင်း နိယံနှင့်ညီစေ။ ။စတုရဝိသိသ်ပုဒ်၏။ဝစနတ်သဘောကို။ ။ဝိသိသ်ဝစနတ်။ပြုတုံလတ်။ ပဋ္ဌာနတ်ဘိမေယျာ။ ပုဒ်ပြီးအခါ။ စပ်လေရာ။ ဝိပ္ပရာဝတ္တိမမွသာ။ ။ဟူသောနိယံနှင့် အညီမှတ်။ ။ဤပုဒ်၏ အနက်ကိုလည်း၊ မဟာနိမိအဘိဓာန်၌။ ။စတုရး။ပုံ။ စတ။ဥရစ်။ဟာသိတ္တ ဂါလာယာမ်။ ကာ၆ယျကုဂလေ။ ဒက္ခေ။ ။ဟူ၍ဖင်း။ မုတ္တာဝလိအဘိဓာန်၌။ ။စတုရး။ တြိ။စတ။ဥရ။ ကာ၆ယျကု။မႏ။ ။စသည်ဖြင့်ဖင်း။ လာသည်ကိုထောက်ရှု၍ သိအပ်၏။ ။

စတုရး။ စတုရပုဒ်သည် ။ပုံ။ပုံလိန်။ စတ။ စတဓါတ်။ဥရစ်။ ဥရပစ္စျ်း။ ဟတ္တိဂါလု့ယာမ်။ ဆင်တံဆောင်း။ ဆင်တင်းဂုတ်။ အနက်၌ ကာယျကုဂလေ။ အတတ်စသောအမှု၌။ကောင်းမြတ် ကျစ်လျစ်။ အပြစ်မရှိသောအနက်၌။ ဒက္ခေ။အမှုအား ခန့်ညား ခြင်း။ ထင်ရှားခြင်း။ လိမ္မာခြင်း။ သင့်မြတ်ကုန်လုံ။ ပြည့်စုံ ခြင်းအနက်၌ဖြစ်၏။ ။စတုရး။စတုရပုဒ်သည်။တြိံ။လိန် ၃ ါး။ စတ။စတဓါတ်။ ဥရ။ဥရပစ္စျ်း။ ကာယျက္ခ…း။ အမှုအား ခန့်ညားခြင်း။ထင်ရှားခြင်း။ လိမ္မာခြင်း သင့်မြတ်ကုန်လုံ။ပြည့်စုံ ခြင်းအနက်၌ဖြစ်၏။ ဤကားယောဇနာ။

ဒက္ခပုဒ်၏အနက်ကိုလည်း။ ယခင်အဘိဓာန်၌။ ။ဒက္ခတြိံ။ ဒက္ခ။ အစ်။ နုပုဏော။ ကာယျကုဂလေ။ ဂိက္ခ-တ။ ။ဟူ၍ လာသည်ကိုင်း။သဒ္ဒသိန္ဓုအဘိဓာန်၌။ ။နိပုဏား ကာယျက္ခမး။ အဘိညး။ ပဋ္ဌုး။ ယောဂျး။ ။ဟူ၍လာသည်ကိုင်း။ ထောံရှု ၍သိအပ်၏။ ။ဒက္ခ။ဒက္ခပုဒ်သည်။ တြိံ။ လိန် ၃ ါး။ ဒက္ခ။ ဒက္ခပုဒ်။ အစ်။ အပစ္စျ်း။ နိပုဏော။ အမှုအား ခန့်ညားခြင်း။ ထင်ရှားခြင်း။ လိမ္မာခြင်း။ သင့်မြတ်ကုန်လုံ။ ပြည့်စုံခြင်းအနက် ၌။ ကာယျကုဂလေ။ အမှု၌ကောင်းမြတ်ကျစ်လျစ်။ အပြစ်မရှိ ခြင်းအနက်၌။ဂိက္ခတေ။ သင်အပ်သောအတတ်ဟူသောအနက်၌ ဖြစ်၏။ ။နိပုဏား။ နိပုဏပုဒ်သည်။ ကာယျက္ခမး။ အမှုအား ခန့်ညားခြင်း။ အဘိညး၊ ထင်ရှားခြင်း။ ပဋ္ဌုး။ လိမ္မာခြင်း။ ယောဂျး။ သင့်မြတ်ကုန်လုံ၊ ပြည့်စုံခြင်းအနက်ရှိ၏။ စတုရိတ္တိ ယောပုဒ်၌ကဲ့သို့မှတ်။ ။ဤကားယောဇနာ။

အသဓာတ်၏အနက်ကို။ ရှေး၌ဆိုအပ်ပြီ။ ဤနှုန်းတို့ကို။ တေရ သကဏ်ဋီကာ။ ဝိမတိဋီကာအဖွင့်၌မှတ်။ ။ဤဋီကာအဖွင့်

တို့ဖြင့်။ အဌကထာ၌။ စတုရသောနဝတ္တနှ။ အဖွင့်သည်။ ။ ဝတ် ၃ါး တို့နှင့်သာ မာရဏာအဖွင့်ပင်ဟု သိစေအပ်သည်။ ဝဇီရဗုဒ္ဓိဋီကာအဖွင့်ဖြင့်ကား။ ထိုအဌကထာအဖွင့်သည်။ ဂါထာ ဝတ်ကို။ နိဒဿနန်းပြု၍။ ကြွင်းဝတ် ၂ါး၏။ ဥစ္စာရဏာ တူမှု ကြောင်းကို သိစေအပ်သည်းဟု ပြတော်မူသည်။

လောက၌။ ဂါထာတို့ဖြင့်သာလျှင်။ အလေ့အကျက်များကြ သဖြင့်။ သရဘာညဝတ်။ ဟောရွတ်နည်းသည် ဂါထာတို့၌သာလျှင်။ ထင်ရှားလေရကား။ စတုပ္ပါဒဂါထာဝတ္တံ ဟူ၍။ ဝဇီရဗုဒ္ဓိဋီကာ ဖွင့်အပ်သည်ဟုမှတ်။ ။နေ့ာ်ဋီကာတို့ကား။ နိဒဿနန်းသို့ မလိုက်မူ၍။ ဝတ် ၃ါး လုံးနှင့် ဆက်ဆန်သောအားဖြင့်။ ပရိ ပုဏ္ဏေနဥစ္စာရဏာဝတ္တေန ဟူ၍ဖွင့်အပ်သည်။ ။ဝတ္တပုဒ်ကို။ ။ သုတ္တန္တာဒယော။ ဥစ္စာရိယန္တေ ဩ တေနဝါတိ။ ဥစ္စာရဏံ ဝါ။ ဝတ္တံ ဟူ၍ဝစနတ္ထပြု။ ။ဩ။ ဤသရဘာညဝတ်။ ဟောရွတ်နည်း၌။ ဝါ။ တနည်းကား။ တေန။ ဤသရဘာညဝတ်။ ဟောရွတ်နည်းဖြင့်။ သုတ္တန္တာဒယော။ သုတ္တန်စမှစသည်တို့ကို။ ဥစ္စာရိယန္တေ။ ဟောရွတ်အပ်ကုန်၏။ ဣတိ။ ထိုဟောရွတ်ရာ။ ဟောရွတ်ကြောင်း သကတ် ၂ါးကြောင့်။ တံ။ ထိုသရဘာညဝတ်။ ဟောရွတ်နည်းသည်။ ဝတ္တံ၊ ဝတ္တမည်၏။ ဝါ၊ တနည်းကား။ ဥစ္စာ ရဏံ၊ ဟောရွတ်ခြင်း။ ဝတ္တံ၊ ဟောရွတ်ခြင်း။ အာစရိယဝတ္တံ ပုဒ်၌ကဲ့သို့။ ။သုတ္တန္တာဒယော၊ ဝသန္တိ၊ တိဋ္ဌန္တိ၊ ဩတိဝတ္တံ။ ဟူ၍လည်း ဝစနတ္ထပြု။

ဩ၊ဤသရဘာညဝတ်ဟောရွတ်နည်း၌။သုတ္တန္တာဒယော၊သုတ္တန် စမှစသည်တို့သည်။ ဝသန္တိတိဋ္ဌန္တိ၊ တည်ကုန်၏။ ဣတိ၊ ထိုတည်ရာ

ဟူသော သကတ်ကြောင့်။ တံ၊ ထိုသရာဘညဝတ် ဟောရွတ်နျုံးသည်။ ဝတ္တံ၊ ဝတ္တမည်၏။ ။ဤကားယောဇနာ။

ပရိမဏ္ဍလာနိပုဒ်ကို။ ။ပရိသမန္တတော၊ မဥ္ဇယန္တိပရိဝေဋ္ဌယန္တိ၊ အထဝါ၊ ပရိမဏ္ဍိဝမဏ္ဍနဘာဝေန၊ သဗ္ဗညုတညာဏဿ၊ လာယန္တိပဝတ္တန္တိ၊ အထဝါ၊ ပရိမဏ္ဍဘာဝေန၊ မဏ္ဍလာသမူဟိတာ၊ အထဝါ၊ မဏ္ဍလေနဥစ္စာရဝေန၊ ဘဂဝတာ၊ ပရိပူဇိတာတိ ပရိမဏ္ဍလာနိ။ ။ဟူ၍ဝစနတ္ထပြု။

ယာနိပဒဒြုတာနိ၊ အကြင်ပုဒ်ဗျည်းခရာတို့သည်။ ပရိသမန္တတော၊ ထက်ဝန်းကြင်မှ။ မဥ္ဇယန္တိ၊ ပရိဝေဋ္ဌယန္တိ၊ သမဏာသာရုပ်၊ ဟုပ်မှန်ဖြစ်ထွန်း၊ အဝန်းညီညွတ်ကုန်၏။ အထဝါ၊ တနျုံးကား။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတညာဏ်တော်၏။ ပရိမဏ္ဍိဝမဏ္ဍနဘာဝေန၊ တံဆာနှင့်တူသော တံဆာ၏ အဖြစ်ဖြင့်။ လာယန္တိ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ အထဝါ၊ ကား။ ပရိမဏ္ဍဘာဝေန။ တံဆာ၏အဖြစ်ဖြင့်။ မဏ္ဍလာသမူဟိတာ။ ပေါင်းအပ်ကုန်၏။ အထဝါ။ ကား။ ဘဂဝတာ။ မြတ်စွာဘုရားသည်။ ယာနိပဒဒြုတာနိ။ အကြင်ပုဒ်ဗျည်း ခရာတို့ကို။ မဏ္ဍလေနဥစ္စာရဝေန။ မြင့်မြတ်သောအသံတော်ဖြင့်။ ပရိပူဇိတာ။ မြတ်နိုးသောအစွမ်း။ ချီးမွမ်းပူဇော်အပ်ကုန်၏။ ဣတိ။ ထို ၄ ပါးသော သကတ်ကြောင့်။ တာနိ။ ထိုပုဒ်ဗျည်းခရာတို့သည်။ ပရိမဏ္ဍလာနိ။ ပရိမဏ္ဍလာသာတို့မည်ကုန်၏။ ဤကားယောဇနာ။

ပရိမဏ္ဍလာနိပုဒ်၏။ ၄ ဝိကပ်တို့တွင်။ ပထမဝိကပ်၌။ ပရိပုဒ်ကို။ သမန္တတ္ထ၌။ မဏ္ဍလပုဒ်ကို။ ပရိဝေဋ္ဌနတ္ထ၌မှတ်။ ဒုတိယဝိကပ်၌။ ပရိမဏ္ဍပုဒ်။ လာပုဒ်။ ပရိမဏ္ဍပုဒ်ကို။ ဘူသနတ္ထ၌။ လာပုဒ်ကို။ ပဝနတ္ထ၌မှတ်။ တတိယဝိကပ်၌။ ပရိပုဒ်ကို။ ဘူသနတ္ထ

၌။ မဏ္ဍလပုဒ်ကို။ သမူဟတ္ထ၌မှတ်။ စတုတ္ထဝိကပ်၌။ ပရိပုဒ်ကို။ ပူဇနတ္ထ၌။ မဏ္ဍလပုဒ်ကို။ ဥစ္စာရဝတ္ထ၌မှတ်။ ။သဒ္ဒသိန္ဓုအဘိဓာန်၌။ ။ပရိဥပသဂ္ဂဝိဇေမ။ သဗ္ဗတောဘာဝေး။ ။ဟူ၍လာသည်ကိုင်း။ ။မဟာနိမိအဘိဓာန်၌။ ။ပူဇာယံ။ ဘူပဏော။ ။ဟူ၍လာသည်ကိုင်း။ ။သဒ္ဒသိန္ဓုအဘိဓာန်၌။ မဏ္ဍလ။ ဝဋ္ဋုလေး။ ဂေါလ။ ဟူ၍လာသည်ကိုင်း။ ။မုတ္တာဝလိအဘိဓာန်၌။ ။ဂေါလ။ ပြာ။ ကလရဝ။ ကောလာဟလေး။ ကလရမေး။ ပြာ။ ဇနရဝ။ ဥဇ္စသ္သရ။ ဃောဗဏေး။ ဉတ်ကြောဂ။ ဟူ၍လာသည်ကိုင်း။ ထော်ရှုလေ။

ပရိ။ ပရိပုဒ်သည်။ ဥပသဂ္ဂဝိဇေဗ။ ဥပသာရပုဒ်အထူး။ သဗ္ဗတောဘာဝေး။ ထက်ဝန်းကျင်ဟူသော အနက်ရှိ၏။ ။ပရိ။ ပရိပုဒ်သည်။ ပူဇာယံ။ ပူဇော်ခြင်းအနက်၌ငိုင်း။ ဘူပဏော။ တံဆာဟူသောအနက်၌ငိုင်းဖြစ်၏။ ။မဏ္ဍလ။ မဏ္ဍလပုဒ်သည်။ ဝဋ္ဋုလေး။ ထက်ဝန်းကျင်ဟူသောအနက်။ ဂေါလေး။ လူသံ။ မြင့်မြတ်သောအသံ။ပြင်းထံသောအသံ။ ကျေးကျော်သောအသံ။ စသောအနက်ရှိ၏။ ။ဂေါလ။ ဂေါလပုဒ်သည်။ ပြာပါတိပဒိကပုဒ်။ ကလရဝ။ လူသံဟူသောအနက်။ ကောလာဟလ။ ကျော်ညာလျှံဖိတ်။ မဆိတ်ညံသော အသံအနက်ရှိ၏။ ။ကလရဝ။ ကလရဝပုဒ်သည်။ ပြာ။ ပါတိပဒိကပုဒ်။ ဇနရဝ။ လူသံ။ ဥဇ္စသ္သရေး။ မြင့်မြတ်သောအသံ။ ဃောဗဏ။ ပြင်းထံသောအသံ။ ဉတ်ကြောဂ။ ကျော်ညာလျှံဖိတ်။ မဆိတ်မညံအသံရှိသော သြဃစသောအနက်ရှိ၏။ ။ဤကားယောဇနာ။

စူဋ္ဌဝါ ပါဠိတော်၌။ နစ္စဂီတဒုက္ကဋ်အာပတ်ကို။ ဟောတော်မူပြီးမှတဖန်အာယတကဂီတဖြင့်။ဒေသနာကာလ၌။ ဒုက္ကဋ်အာပတ်

ကို ဟောတော်မူပြန်သောကြောင့်။ ဤဒုက္ကဋ်အာပတ်ကို ဒေသ
နာကာလ၌သာမှတ်အပ်၏။ သဝနကာလ၌မမှတ်အပ်။ ထိုကြောင့်။
သီလက္ခန် ဋီကာသစ်၌။ ။ဒေသနာယ ဝေပဋိက္ခေပေါ။
နသဝနာယ။ ။ဟူ၍ ဖွင့်ခြင်းသည်။ ယုတ္တာတရပင်။ ။တော်။
ဣအာယတကဂီတကို။ ဒေသနာယဝေ။ ဒေသနာကာလ၌သာ
လျှင်။ ပဋိက္ခေပေါ။ ပယ်တော်မူ၏။ သဝနာယ။ ကြားနာခြင်း
၌။ န။ ပယ်တော်မမူ။ ။ဤကား ယောဇနာ။

ကဿပဘုရားရှင် သာသနာတော်ကာလ၌။ အဠကရသေ့။
ဝါမကရသေ့။ ယမဒေဝရသေ့။ ဝေသာမိတ္တရသေ့။ ယမတဂ္ဂိ
ရသေ့။ အင်္ဂီရသရသေ့။ ဘာရဒွါဇရသေ့။ ဝါသေဋ္ဌရသေ့။
ကဿပရသေ့။ ဘဂုရသေ့။ ဤရသေ့တကျိပ်တို့သည်။ စျာန
လာဘီဒိဗ္ဗစက္ခုဖြစ်ကုန်၍။ ကဿပဘုရားရှင် သာသနာတော်နှင့်
တကွ။ နှီးနှောစပ်ရှဉ်၍။ ဗေဒင်မန္တန်ကျမ်းတို့ကို။ စီကုန်းနှုန်းဖွဲ့
၍။ ရသ။ ဒီဃ။ ပ္လုတ။ ဥဒါတ။ အနုဒါတ။ သွရိတသရတို့နှင့်
ပြည့်စုံစွာ။ သရဘညဝတ်။ ဟောရွတ်နည်းဖြင့်။ ဟောရွတ်ကြကုန်
၏။ ထိုနောင်ဘုရားရှင် ဘေးလောင်းတော် ဥက္ကာကရာဇ်မင်းမြတ်
၏။ လက်ထက်တော်စသည်တို့၌။ ဖြစ်ကုန်သော။ ဗြဟ္မဏစဏ္ဍာလ
ပုဏ္ဏားတို့သည်။ ထိုဗေဒင်မန္တန်ကျမ်း၌။ ကြိုးကြားကြိုးကြား။
ပုဒ်ဗျည်းခရာများကို ဖျက်ဆီး၍။ ကိလေသာပွားများကြောင်း။
မကောင်းသော အနက်ရှိကုန်သော ပုဒ်ဗျည်းခရာတို့ကို ထည့်သွင်း
၍။ အာယတက ဂီတဟောရွတ်နည်းဖြင့်။ ဟောရွတ်ကြကုန်
သတတ်။ ဤအကြောင်းကို။ ပဉ္စကအင်္ဂုတ္တိုရ် အဋ္ဌကထာ
ဋီကာ်းမပေ။ စျာချပ်၌။ ။ဂီတန္တိ။ အဋ္ဌကာဒီဟိဒဿဟိပေါရာဏက ဗြဟ္မဏေဟိ သရသမ္ပတ္တိဝသေန။ သဇ္ဈာယိတံ။ ။ဟူ၍ဖွင့်အပ်သောပါဠိ

ကိုင်း။ ။အဋ္ဌကာတိအာဒီဟိတေဟိကိရ။ ။ဒိဗ္ဗေနစက္ခုနာ။ ဩလောကေတွာ။ ပရူပဃာတံအကတွာ။ ကဿပဿ။ သမာသမ္ဗုဒ္ဓဿ။ ဘဂဝတော။ ပါဝစနေနသဟသံသန္ဒေတွာ။ မန္တာဂန္ထေသု။ အပရေပနဗြာဟ္မဏာ။ ပါဏာတိပါတာဒီရဟိ။ ပက္ခိပေတွာ။ တယောဗေဒေဘိန္ဒိတွာ။ ဗုဒ္ဓဝစနေနသဒ္ဒိံ။ ဝိရုဒ္ဓေအကံသု။ ဟူ၍ဖွင့်အပ်သောပါဠိကိုင်း။ ထောံရှု၍သိအပ်၏။

ဂီတန္တိ။ ဂီတံဟူသည်ကား။ အဋ္ဌကာဒီဟိ။ အဋ္ဌကရသေ့အစရှိကုန်သော။ ဒသဟိ။ တစ်ကျိပ်ကုန်သော။ ပေါရာဏကဗြာဟ္မဏေဟိ။ မကောင်းမှုကို အပပြုကုန်သော ရသေ့တို့သည်။ သရသမ္ပတ္တိဝသေန။ ဥဒါတ အနုဒါတ။ သွရိတ။ အစရှိကုန်သော။ သရအသံတို့နှင့်။ ပြည့်စုံခြင်း၏ အစွမ်းဖြင့်။ ဝါ။ ပြည့်စုံခြင်းနှင့်စပ်သဖြင့်။ သဇ္ဈာယိတံ။ သာယာကြူးချီ။ ရွတ်သိအပ်၏။ ။ကိရ။ ချဲ့ဦးအံ့။ အဋ္ဌကာတိအာဒိဟိ။ အဋ္ဌကရသေ့အစရှိကုန်သော။ တေဟိ။ ထိုရသေ့တစ်ကျိပ်တို့သည်။ ဒိဗ္ဗေနစက္ခုနာ။ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်။ ဩလောကေတွာ။ ရှုဆင်ခြင်၍။ ပရူပဃာတံ။ သတ္တဝါတို့အား ညှင်းဆဲခြင်းအမှုကို။ အကတွာ။ မပြုမူ၍။ ကဿပဿ။ ကဿပ အမည်တော်ရှိသော။ သမာသမ္ဗုဒ္ဓဿ။ ၄ါးသရုပ်။ သစ္စာပုဒ်ကို။ မယုတ်ထင်ထင်။ သိမြင်တော်မူသော။ ဘဂဝတော။ မြတ်စွာဘုရား၏။ ပါဝစနေန။ ပါဠိတော်နှင့်။ သဟ။ တကွ။ သံသန္ဒေတွာ။ နှီးနှောစပ်ရှဉ်၍။ ဂန္ထိတေသု။ စီကုန်းနှုန်းဖွဲ့အပ်ကုန်သော။ မန္တာဂန္ထေသု။ ဗေဒင်မန္တာန်ကျမ်းတို့၌။ အပရေ။ ထိုရသေ့တို့မှ တပါးကုန်သော။ ဗြာဟ္မဏာပန။ ဘုရားရှင်ဘေးလောင်းတော် ဥက္ကာကရာဇ်မင်းမြတ်၏။ လက်ထက်တော်စသည်တို့၌ ဖြစ်ကုန်သော။ ဗြာဟ္မဏာ

စဏ္ဍာလပုဏ္ဏားတို့သည်ကား။ ပါဏာတိပါတာဒိရဟိ။ ပါဏာတီ ပါတာ။ စသည်များထွေ။ သံကိလေကို။ ပွားစေသွတ်လှယ်။ ဆန်းကြယ်ကုန်သော။ ပုဒ်ဗျည်းခရာတို့ကို။ ပက္ခိပေတွာ။ ထည့်သွင်း၍။ တယောဗေဒေ။ ဗေဒင်သုံးပုံတို့ကို။ ဘိန္ဒိတွာ။ ဖျက်ဆီး၍။ ဗုဒ္ဓဝစနေန။ ဘုရားစကားတော်နှင့်။ သဒ္ဓိံ။ တကွ။ ဝိရုဒ္ဓေ။ ဆန့်ကျင်ဘက်ရှတ်သီခြင်းတို့ကို။ အကံသု။ ပြုကုန်သတတ်။ ။ ဤကားယောဇနာ။

ဤယောဇနာကို။ ။သဗ္ဗာယိတန္တိ။ ဂါယနဝသေန။ သဗ္ဗာယိတံ။ တံပန ဥဒါတာ နုဒါတာဒိသရာနံ။ သမ္ပာဒဝသေနေဝ။ ကုစ္ဆိတန္တိအာဟ။ သရသမ္ပတ္တိဝသေနာတိ။ ဟူ၍ဖွင့်အပ်သော ပဉ္စက အင်္ဂုတ္တိုရ်ဋီကာပါဠ်ကိုင်း။ အဋ္ဌကာဒိဟိအပရာပရေ၊ ပစ္ဆိမာ ဩက္ကာကရာဇကာလာဒိသု။ ဥပ္ပန္နာ။ ပက္ခိပိတွာအဋ္ဌကာဒိဟိ။ ဂန္ထိံတမန္တပဒေသု။ ကိလေသသန္နိဿိတပဒါနံ။ တတ္ထတတ္ထပက္ခိပနံကတွာ၊ ဝိရုဒ္ဓေအကံသုတိ၊ဗြာဟ္မဏဓမ္မိကသုတ္တာဒိသု အာဂတနယေန၊ သံကိလေသဌဒီပနတော။ ပစ္စတ္တံကဘူတေအကံသု။

ဟူ၍ဖွင့်အပ်သော ယခင်ဋီကာပါဠ်ကိုရင်း။ ထော်ရှု၍သိအပ်၏။ သဗ္ဗာယိတန္တိ။သဗ္ဗာယိတံဟူသည်ကား။ဂါယနဝသေန၊သာယာကြူးချို၊ ရှတ်သီခြင်း၏အစွမ်းဖြင့်။ ဝါ။ရှတ်သီခြင်းနှင့်စပ်သဖြင့်။ သဗ္ဗာယိတံ၊ သာယာကြူးချို၊ရှတ်သီအပ်၏။တံပန၊ ထိုရှတ်သီခြင်းကိုကား။ ဥဒါတာနုဒါတာဒိသရာနံ၊ ဥဒါတအနုဒါတ အစရှိကုန်သော သရတို့၏။ သမ္ပါဒဝသေနေဝ။ ပြည့်စုံခြင်းအစွမ်းဖြင့်သာလျှင်။ ဝါ။ပြည့်စုံခြင်းနှင့်စပ်သဖြင့်သာလျှင်။ကုစ္ဆိတံ၊ အလိုရှိအပ်၏။ ဝါ။ ရှတ်သီအပ်၏။ ကုတိ၊ ထိုကြောင့်။ သရသမ္ပတ္တိဝသေနာတိ၊သရသမ္ပတ္တိ ဝသေနဟူ၍။ ဝါ။ ဟူသောစကားကို။ အာဟ။

မိန့်ပြီ။ ။အဌကာဒိဟိ။ အဌကာရသေ့ အစရှိကုန်သော ရသေ့တစ်ကျိပ်တို့မှ။အပရာပရေ။ အဆင့်ဆင့်ကုန်သော။ ဩက္ကာကရာဇကာလာဒီသု၊ဘုန်းရှင်ဘေးလောင်းတော်ဥက္ကာကရာဇ်မင်းမြတ်၏လက်ထက်တော်စသည်တို့၌။ ပစ္ဆိမာဥပ္ပန္နာ။ နောက်ဖြစ်ကုန်သောဗြာဟ္မဏစဏ္ဍာလပုဏ္ဏားတို့သည်၊အဌကာဒိဟိ၊အဌကရသေ့ အစရှိကုန်သောရသေ့ တစ်ကျိပ်တို့သည်။ဂန္ထိတမန္တပဒေသု။စီကုန်းနှုန်းဖွဲ့အပ်ကုန်သောဗေဒင်မန္တန်ပုဒ်တို့၌။ ကိလေသသန္ဓိသိတပဒါနိ။ ကိလေသာကို မှီကုန်သော။ ပုဒ်ဗျည်းခရာတို့ကို။ တတ္ထတတ္ထ။ ထိုထိုအရာတို့၌။ပက္ခိပိတွာ။ ပက္ခိပန်။ ထည့်သွင်းခြင်းကို။ ကတွာ။ ပြု၍။ဝိရုဒ္ဓေအကံသုတိ။ဝိရုဒ္ဓေအကံသုဟူသည်ကား။ဗြာဟ္မဏဓမ္မိကသုတ္တာဒိသု။ဗြာဟ္မဏဓမ္မိကသုတ်စသည်တို့၌။အာဂတနယေန။လာသောနည်းဖြင့် သံကိလေသဌဒီပနတော။ ညစ်နွမ်းကြောင်းအနက်ကိုပြသောအားဖြင့်။ ပစ္စတ္တိကဘူတေ။ သာသနာတော်၏ဆန့်ကျင်ဘက်ဖြစ်ကုန်သောရွတ်သီခြင်းတို့ကို။ အကံသု။ပြုကုန်ပြီ။ ဤကားယောဇနာ။ ။

ဥဒါဟာစသည်ကို၌ လက္ခဏာတို့ကို။ သရသွတ်ဗျာကြကျမ်း၌။ ။ဥဒ်စ္စရုပလာဘ၂မာနဥဒါတ္တား။ နိဒ်စ္စရနုဒါတ္တား။ သမကြိတျာသွရိတား။ ။ဟူ၍လာသည်နှင့်အညီ။ သိလင့်။ ။ ဥဒ်စ္စ။ မြင့်မြင့်။ ဥပလာဘ၂မာနး။ ရွတ်အပ်သောသရသည်။ ဥဒါတ္တား။ ဥဒါတ္တမည်၏။ နိဒ်စ္စ။ နိန့်နိန့်ရွတ်အပ်သော သရသည်။ အနုဒါတ္တား။ အနုဒါတ္တမည်၏။ သမကြိတျာ။ အညီအမျှရွတ်အပ်သောသရသည်။သွရိတား။သွရိတမည်၏။ ။ဤကားယောဇနာ။

ဗြဟ္မသမပုဏ္ဏား။ ၁။ ဒေဝသမပုဏ္ဏား။ ၂။ မရိယာဒပုဏ္ဏား။ ၃။ သံဘိန္နမရိယာဒပုဏ္ဏား။ ၄။ဗြာဟ္မဏစဏ္ဍာလပုဏ္ဏား။ ၅။ဤ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး
၉၇၉၉

ပုဏ္ဏား ၅ မျိုးတို့တွင်။ ဆွမ်းခံဝတ်ဖြင့်သာလျှင် အသက်မွေးလျက်။ ၈ နှစ်သို့ ရောက်သောအခါ။ ပုဏ္ဏေးမကိုမရှာမူ၍။ ရသော့ရဟန်းပြုပြီးလျှင်။ ဗြဟ္မစိုရ်တရားကိုပွားစေ၍။ ဗြဟ္မပြည်၌။ ဖြစ်သောပုဏ္ဏားသည်။ ဗြဟ္မာနှင့်တူသောကြောင့်။ ဗြဟ္မသမပုဏ္ဏားမည်၏။ ၁။ ဆွမ်းခံဝတ်ဖြင့်သာလျှင်။ အသက်မွေးလျက်။ ၄၈ နှစ်သို့ရောက်သောအခါ။ ပုဏ္ဏေးမကိုရှာ၍။ သားသမီးကိုဖြစ်စေပြီးမှ။ ရဟန်းပြုပြီးလျှင်။ ဗြဟ္မစိုရ်တရားပွားစေ၍။ ဗြဟ္မာပြည်၌ဖြစ်သောပုဏ္ဏားသည်။ နတ်နှင့်တူသောကြောင့်။ ဒေဝသမပုဏ္ဏားမည်၏။ ၂ ဆွမ်းခံ ဝတ်ဖြင့်သာလျှင်။ အသက်မွေးလျက်။ ၄၈ နှစ်သို့ရောက်သောအခါ။ ပုဏ္ဏေးမကိုရှာ၍။ သားသမီးကိုဖြစ်စေပြီးလျှင်။ ရဟန်းမပြုနေသောပုဏ္ဏားသည်။ ပုဏ္ဏားတို့အကျင့်အပိုင်းအခြားမျှရှိသောကြောင့်။ ပရိယာဒပုဏ္ဏားမည်၏။ ၃။ ဆွမ်းခံဝတ်ဖြင့်သာလျှင် အသက်မွေးလျက်။ ၄၈ နှစ်သို့ရောက်သောအခါ။ မျိုးတူမျိုးပေါ်။ တစ်ယောံယောံသောမိန်းမကိုရှာ၍။ သားသမီးကိုဖြစ်စေပြီးလျှင်။ လယ်လုပ်ခြင်း။ ကုန်သွယ်ခြင်း အစရှိကုန်သောအမှုတို့ဖြင့်သာလျှင်။ အသက်မွေးလျက်နေသော ပုဏ္ဏားသည်။ ပုဏ္ဏားတို့၏ အလေ့အကျင့်ကိုဖျက်ဆီးသောကြောင့်။ သံဘိန္နမရိယာဒပုဏ္ဏားမည်၏။ ၄။ ဆွမ်းခံဝတ်ဖြင့်သာလျှင်။ အသက်မွေးလျက်။ ၄၈ နှစ်သို့ရောက် သောအခါ။ မျိုးတူမျိုးပေါ်။ တစ်ယောံယောံသော မိန်းမကိုရှာ၍။ သားသမီးကိုဖြစ်စေပြီးလျှင်။ လယ်လုပ်ခြင်း။ ကုန်သွယ်ခြင်း။ အစရှိကုန်သောအမှုတို့ဖြင့်၎င်း။ ရသတဏှာကြီးမားစွာ ဖြစ်သောအားဖြင့်။ အင်္ဂကရသော့ အစရှိကုန်သော။ ရွေးရသော့ တစ်ကျိပ်တို့ပါဠိတော်နှင့်လျော်စွာ။ စီရင်နှုန်းဖွဲ့အပ်ကုန်သော ဗေဒင်မန္တန်တို့

နှင့်တကွ။ သရဘညဝတ်။ ဟောရွတ်နျုံးကိုဖျက်ဆီး၍။ ယင်ပူဇော်ခြင်း အစီအရင်တို့ကို။ စီရင်ပြီးလျှင်။ ဥက္ကာကရာဇ်မင်းမြတ်ထံသို့။ ချဉ်းကပ်၍။ နွားမတို့ကိုသတ်စေလျက်။ ယဇ်ဂါထာတို့ကို။ အာယတကဂီတဖြင့် ကြူးရင့်၍ရင်း။ အသက်မွေးသော ပုဏ္ဏားသည် ကြမ်းကြုပ်ယုတ်မာသောကြောင့်။ဗြာဟ္မဏစဏ္ဍာလပုဏ္ဏားမည်၏။ ၅။ ဥက္ကာကရာဇ်မင်းမြတ် လက်ထက်တော်မှစ၍။ ပုဏ္ဏားတို့သည်။ဗြာဟ္မဏစဏ္ဍာလ ပုဏ္ဏားအဖြစ်ဖြင့်ဖြစ်ကြကုန်၏။ ဤဗြာဟ္မဏစဏ္ဍာလ ပုဏ္ဏားတို့ကိုရည်၍။ အပရေပန ဗြာဟ္မဏ ဟူသောပါဠိကို။ အဋ္ဌကထာ၌ဆိုအပ်သည်ဟုမှတ်။ ။

ဂီတန္တိစသော ပါဠိဖြင့်။ သရဘညဝတ်။ ဟောရွတ်နျုံးကို ပြသည်။ ။အပရေပနဗြာဟ္မဏာစသောပါဠိဖြင့်။ အာယတက ရွတ်နျုံးကိုပြသည်။ ။ကိလေသသန္တိဿိဘပဒါနံ ဟူသောပုဒ်၏ အရကို။ ပါဏာတိပါတာဒိရဟိ ဟူသော အဋ္ဌကထာပါဠိနှင့် အညီ။ ယင်ပူဇော်ရာတို့၌။ ပါဏာတိပါတစသည်တို့ကို ပြုခြင်းသည်။ အကျိုးကြီးမြတ်၏ဟု ဆိုအပ်ကုန်သော ပုဒ်ဗျည်းခရာတို့ကိုယူ။ သက်သက်ဝါစာသိလိ၌ဖြစ်ရုံမျှ ဆိုအပ်ကုန်သော ပုဒ်ဗျည်းခရာတို့ကို မယူကုန်လင့်။ ။ဗြာဟ္မဏ စဏ္ဍာလပုဏ္ဏားတို့သည်။ ဥက္ကာကရာဇ်မင်းကြီးအား။ ဟောရွတ်အပ်ကုန်သော။ ကိလေသ သန္တိဿိတပုဒ်တို့ကိုသုတ္တနိပါတ်။ ဗြာဟ္မဏဓမ္မိကသုတ်။ ဂဲးပေ။ ခိချပ်၌။ တေတတ္ထမန္တေဂန္ထိတွာ။ ဩက္ကာကံပုနမုပါဂမုံ။ ယထာ အာပေါစ ပထဝီစ။ဟိရညနေဓာနိယံ။ဝေံဂါဝေါမနုဿာနံ။ ဝေံ ဂါဝေါမနုဿာနံ။ပရိက္ခာရောသောဟိ ပါဏီနံ။ ယဇဿုဗဟုတေ ဝိတ္တံ။ယဇဿုဗဟုတေဓနံ။ ဟူ၍လာသည်ကိုထောက်ရှု၍သိအပ်၏။

တေဗြာဟ္မဏာ။ထိုဗြာဟ္မဏစဏ္ဍာလပုဏ္ဏားတို့သည်။တတ္ထ။ ထို အသားကိုစွဲ၍ ဖြစ်သောရသတဏှာကြီးမားစွာကြောင့်။ မန္တေ။ အင္ဂကဘုန်းဟော့။ ရသေ့ဆယ်ပါး။ရှင်မြတ်များတို့။တရားတော် နှင့်အညီ။ စီကုန်းနှန်းဖွဲ့ အပ်ကုန်သော။ ဗေဒင် မန္တန်ပုဒ်တို့ကို နှုတ်ပြစ်ပယ်ရှား၍။ တရားမညီ။ ပလီဆန်းကြယ်။ ပြွယာယ် ကုန်သော။ ဗေဒင်မန္တာန်ပုဒ်တို့ကို။ ဂန္ထိတွာ။ စီကုန်းနှန်းဖွဲ့၍။ ဩက္ကာကံ။ ဥက္ကာကရာဇ်မင်းကြီးသို့။ ပုန။ တဖန်။ ဥပါဂမုံ။ ရောံဝင်ဆည်းကပ်၍။ ဟောရှုတ်ကြကုန်ပြီ။ မဟာရာဇ။မင်းမြတ်။ အာပေါ။ ရေသည်၎င်း။ ပထဝီစ။ မြေသည်၎င်း။ ဟိရညံစ။ အသ ပြာသည်၎င်း။ ဓနံစ။ ရွှေငွေသည်၎င်း။ ဓာနိယံစ။ မယောသလေး စသောကောံပဲးသည်၎င်း။ ပါဏိနံ၊ သတ္တဝါတို့၏ ဥပယောဂံ။ အသုံးအဆောင်၏အဖြစ်သို့။ ဂစ္ဆတိယထာ။ ရောက်၏သို့။ ဧဝံ တထာ။ ထိုအတူ။ ဂါဝေါ။ နွားတို့သည်။ မနုဿာနံ။ လူတို့၏။ ဥပယောဂတ္ထာယ။ အသုံးအဆောင်အလို့ငှါ။ ဥပ္ပန္နာ။ ဖြစ်လာ ကုန်၏။ တသ္မာ။ ထိုကြောင့်။ ဧတေ။ ထိုနွားတို့ကို။ မာရိတွာ။ သတ်၍။ ယဇဿု။ ချမ်းသာ်အကြောင်း ကောင်းမှုစင်စစ် ယဇ်ပူဇော်လော့။ ဟိယသ္မာ၊ အကြင်ကြောင့်။ သော၊ ထိုရေ စသောဝတ္ထုအလုံးစုံသည်။ ပါဏိနံ၊ -သတ္တဝါတို့အား။ ပရိက္ခာ ရော၊ အသုံးအဆောင်သည်။ ဟောတိယထာ၊ ဖြစ်၏သို့။ ဧဝံ တထာ၊ ထိုအတူ။ ဂါဝေါ၊ နွားတို့သည်။ မနုဿာနံ၊ လူတို့၏။ ပရိက္ခာရော၊ အသုံးအဆောင်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပါပံ၊ မကောင်းမှုမည်သည်။ နတ္ထိ၊ မရှိ။ မဟာရာဇ၊ မင်းမြတ်။ ယဇဿု၊ ချမ်းသာအကြောင်း ကောင်းမှု စင်စစ် ယဇ်ပူဇော်လော့။ ဧဝံ၊ ဤသို့ပူဇော်သည်ရှိသော်။ တေ၊

အရှင်မင်းမြတ်အား။ ဝိတ္တံ၊ ဆင်ဝတ်တံဆာရတနာသည်။ ဗဟု၊ ပွားများလွန့်။မဟာရာဇ၊မင်းမြတ်။ယဇသု၊ ချမ်းသာအကြောင်း ကောင်းမှုစင်စစ်ယဇ်ပူဇော်လေ့။ ငေ၊ ဤသို့ပူဇော်သည်ရှိသော်။ တော၊ အရှင်မင်းမြတ်အား။ ဓနံ၊ ရွှေငွေစသော ဥစ္စာရတနာ သည်။ ဗဟု၊ ပွားများလွန့်။ ဣတိ၊ ဤသို့။ ဥပါဂမုံ၊ ရေခံဝင် ဆည်းကပ်၍ ဟောရွတ်ကြကုန်ပြီ။ ။ဤကားယောဇနာ။

ဤဟောရွတ်နည်း ၂ါးတို့ကို၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည်၊ လူဖြစ်စဉ် ကာလကပင်၊ တတ်လိမ္မာရင်း ရှိကြကုန်သဖြင့်၊ ထိုနည်း ၂ါး တို့ တွင်၊ အာယတကဂီတနည်းဖြင့်၊ပါဠိဓမ္မကိုလည်း၊ လူတို့အား ဟော ရွတ်ကြကုန်သတတ်။

ဤအာယတကဂီတ၌၊ ဝတ်ခရာပျက်ခြင်း၊ သမဏသာရုပ္ပထက် လွန်သောအသံရှိခြင်း၊ ရှေးအဘို့၌၊ သရကုတ္တိနိကာမယစိတ်ရှိခြင်း၊ ဤအင်္ဂါ ၃ါး ကိုမှတ်။

ယေပနတေသုတ္တန္တာ၊ ကဝိတာ၊ ကာဝေယျာ၊ စိတ္တက္ခရာ၊ စိတ္တဗျဉ္ဇနာ၊ ဗာဟိရကာ၊ သာဝကဘာသိတာ၊ တေသုဘညမာနေ သု၊ သုဿိဿန္တိ၊ သောတံဩဒဟိဿန္တိ။ ။ဤကား နိဒါန ဝါရသံယုတ် ပါဠိတော်။ အာနိကသုတ်ဖွင့်ပေ။ စျချပ်။ ။ ဓမ္မကထိကကေဟိ၊ အာယတကဂီတ၊ နယစဉ်လာ၊ လိမ္မာကြကုန် သော ဓမ္မကထိကပုဂ္ဂိုလ်တို့သည်။ ယေပနတေသုတ္တန္တာ၊ အကြင် ပါဠိဓမ္မတို့ကို။ ကဝိတာကာဝေယျာ၊ ဟောရွတ်အပ်ကုန်၏။ တေ သုတ္တန္တာ၊ ထိုပါဠိဓမ္မတို့သည်။ စိတ္တက္ခရာ၊ စိတ္တဗျဉ္ဇနာ၊ ပါဏာတိ ပါတ။စသည်များတွေ၊ သံကိဒလေကို၊ ပွားစေအညီ၊ ပလီဆန်း ကြယ်၊ ပြဲ့ယာယ်ကုန်သော၊ ခရာပုဒ်ဗျည်းလည်းရှိကုန်၏။ ဗာဟိ ရကာ၊ သာသနာတော်မှလည်း အပဖြစ်ကုန်၏။ သာဝကဘာသိ

တာ၊ အဋ္ဌကရသေ့ အစရှိကုန်သော ရသေ့တစ်ကျိပ်တို့၏၊ အနွယ်သာဝက၊ ဗြာဟ္မဏစဏ္ဍာလပုက္ကသားတို့ ဟောရွတ်ကုန်သွဲ့ သို့။ ဟောရွတ်ခြင်းလည်းဖြစ်ကုန်၏။ တန်းကား။ သာဝကဘာသိတာ၊ ရသေ့တို့၏အနွယ်သာဝက၊ ဗြာဟ္မဏစဏ္ဍာလပုက္ကသားတို့ဟောရွတ် ပြုပြင်၊ စီရင်အပ်ကုန်သော။ ဗာဟိရကာ၊ သာသနာတော်မှအပ ဖြစ်ကုန်သော။စိတ္တက္ခရာ၊ စိတ္တဗျဉ္ဇနာ၊ ပလီဆန်းကြွယ်၊ ပြဲ့ယာယ် ကုန်သော၊ ခရာဗျည်းပုဒ်တို့ဖြင့်။ ယေပနတေသုတ္တန္တာ၊ အကြင် ပါဠိမမ္မတို့ကို။ ကဝိတာ၊ ဟောအပ်ကုန်လတ္တံ့။ ကာဝေယျာ။ ပြုပြင်စီရင်အပ်ကုန်လတ္တံ့။ တန်းကား။ကဝိတာ၊ ကာဝေယျာ၊ ကာဗျာဂီတသျှတ်ဦ၊ လိမ္မာကြကုန်သော။ ယေဘိက္ခူ၊ အကြင် ရဟန်းတို့သည်။ ဘာဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တေပန၊ ထိုရဟန်း တို့သည်။ သာဝကဘာသိတာ။ ရသေ့တို့၏၊ အနွယ်သာဝက၊ ဗြာဟ္မဏစဏ္ဍာလပုက္ကသားတို့ ဟောရွတ်ပြုပြင်၊ စီရင်အပ်ကုန်သော။ ဗာဟိရကာ၊ သာသနာတော်မှ အပဖြစ်ကုန်သော။ ဝိတ္တက္ခရာ စိတ္တဗျဉ္ဇနာ၊ ပလီစန်းကြွယ် ပြဲ့ယာယ်ကုန်သော ခရာပုဒ်ဗျည်း တို့ဖြင့်။ တေသုတ္တန္တာ၊ တေသုတ္တန္တေ၊ ထိုပါဠိမမ္မတို့ကို။ ဘဏိဿန္တိ၊ ဟောရွတ်ကုန်လတ္တံ့။ တန်းကား။ သာဝကဘာသိ တာ၊ ကုန်သော။ ဗာဟိရကာ၊ ကုန်သော။ စိတ္တက္ခရာ၊ စိတ္တဗျဉ္ဇ နာ၊ ပါဏာတိပါတ စသည်များတွေ့ သံကိလေကို၊ ပွားစေအညီ ပလီဆန်းကြွယ် ပြဲ့ယာယ်ကုန်သော၊ ခရာပုဒ်ဗျည်းရှိကုန်သော။ ကဝိတာကာဝေယျာ၊ ကာဗျာဂီတန်းတို့ဖြင့်။ ဘဏိဿန္တိ၊ ဟော ရွတ်ကုန်လတ္တံ့။တေသု၊ ထိုပါဠိမမ္မတို့ကို။ဘညမာနေသု၊ ဟောအပ် ကုန်သည်ရှိသော်။ သာမဏေရာဒယော၊ သာမဏေတသွယ်၊ ရဟန်းငယ်တစု၊ မာတုဂါမတသီး၊ ဒါယကာ လူသက်ကြီး စသည်

တိုသည်။ သုဿိဿန္တိ၊ ကြွားနာကြကုန်လတ္တံ့။ သောတံ၊ နားကို။ ဩဒဟိဿန္တိ၊ ထောင်ကြကုန်လတ္တံ့။ ။ကျကားယောဇနာ။

ကျယောဇနာ ၁ ၄ ဝိကပ်တို့တွင်၊ ဒုတိယ တတိယ ဝိကပ်တို့၌၊ စိတ္တက္ခရာအစ၊ဘာသိတာအဆုံးရှိကုန်သော ပုဒ်တို့ကို၊ဝိသေသနတ္ထ ကရဏတ္ထ၌၊ ပထမန္တဟုမှတ်၊ စတုတ္ထဝိကပ်၌၊ ကဝိတာပုဒ်ကစ၍၊ ရှေးနည်းမှတ်။ စတုတ္ထဝိကပ်၌၊ ကဝိဘာပုဒ်၏အနက်ကို၊ ပကာသိက အဘိဓါန်၌။ ။ကဝိတာ၊ သြတြံ၊ ကဝိ၊ကဝိတ္တ၊ ဂဒ၂၊ဋ္ဌေလ္လိကား။ ဟူ၍ငြင်း။ ။မဟာဓိနိအဘိဓါန်၌။ ။ကဝိတာ၊ သြတြံ၊ကဝေး၊ ကမ္မံး၊ ဘာဝေါဝါ၊ တလ်၊ ကဝိကြ္ဘာ၊ ကာဗျေဘဝတိ။ ။ ဟူ၍ငြင်း။ လာသည်ကိုထောက်ရှု၍သိအပ်၏။

ကဝိတာ၊ ကဝိတာပုဒ်သည်။ သြတြံ၊ ထိုလိန်။ ကဝိ၊ ကဝိပုဒ်။ ကဝိတ္တ၊ ကဝိ၏အဖြစ်။ ပဒ၂၊ ဆန်း-အလင်္ကာ၊ ကဗျာစကား၊ ပုဒ် အပေါင်း။ ဋ္ဌေလ္လိကား၊ ဂါထာကဗျာသီချင်းအနက်ရှိ၏။ ။ကဝိ တာ၊ ကဝိတာပုဒ်သည်။ သြတြံ၊ ထိုလိန်။ ကဝေး၊ ကဝိပုဒ်။ကမ္မံး၊ ကံနက်။ ဝါ။ တန်ျးကား။ ဘာဝေါ၊ တဒ္ဓိတ်ဘောအနက်။ တလ်၊ တာပစ္စည်း။ ကဝိကြ္တော၊ ကဝိတို့ပြုပြင်စီရင်အပ်သော။ ကာဗျေ၊ကဗျာဂီတသျှတ်၌။ဘဝတိ။ဖြစ်၏။ ။ကျကားယောဇနာ။ ကာဝေယျပုဒ်လည်းရှေးနည်း။ ။

ယံစိတ္တက္ခရံ၊ စိတ္တဗျဉ္ဇနံ၊ ပိသဒ္ဒံ၊ သုဏာတောရောဂါဒယော၊ ဥပဇ္ဇန္တိ၊ ဝေရှုပေါသဒ္ဒေါနသေဝိတဗ္ဗော။ ။ကျကား သုတ်မ ဟာဝါအဋ္ဌကထာ။ သက္ကပဉှာသုတ်အဖွင့်။ ဂံးပေ။ တုချပ်။

စိတ္တက္ခရံစိတ္တဗျဉ္ဇနံ၊ ဗာဟိရက၊ ကဗျာသီချင်းသည် စသည်တို့ စီကုန်းနှုန်းဖွဲ့အပ်သော။ ကာဗျာဂီတသျှတ်ချိုးဖြင့်၊ တွဲ့နွဲ့ဝေဂုစ်၊ ပုဒ်ဝါကျအခန်းခန်း၊ ရွတ်ဆန်းခြင်းအစွမ်းဖြင့်၊ ဆန်းကျယ်သော ခရာပုဒ်ဝါကျရှိသော။ ယံသဒ္ဒံပိ၊ အကြင်အသံကိုလည်း။ သုဏ တော၊ ကြားနာသောသူအား။ ရာဂါဒယော၊ ရာဂစသည်တို့ သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဝေရူပေါ၊ ဤသို့သဘောရှိသော။ သဒ္ဒေါ၊ အသံကို။ နသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ။

ဤကားယောဇနာ။

ဤယောဇနာကို၊ ယင်း၏ဋီကာဥ်။ ။တယိဒံ၊ ကဗျနဋ္ဌကာ ဒိဂတဝေဝစနဝသေနစ၊ ဥစ္စာရဏဝသေနစ ဝိစိတ္တသန္နိဝေသတာ ယ၊ တထာပဝတ္တဝိကပ္ပဝသေန စိတ္တဝိစိတ္တဘာဝေန ဥပတိဋ္ဌနကံ၊ သန္ဒာယာယ၊ ယံစိတ္တက္ခရံ။ လ။ ဥပ္ပဇ္ဇန္တိတိ။ ။ဟူ၍ဖွင့်အပ် သောပါဠိကိုထောက်ရှု၍သိအပ်၏။

ကဗျနဋ္ဌကာဒိဂတဝေဝစနဝသေနစ၊ ဗာဟိရက၊ကဗျာသီချင်း သည်စသည်တို့စီကုန်းနှုန်းဖွဲ့၊ တွဲ့နွဲ့ဝေဂုစ်၊ ပုဒ်ဝါကျအစွမ်းဖြင့်၎င်း။ ဥစ္စာရဏဝသေနစ၊ဟောရွတ်ခြင်းအစွမ်းဖြင့်၎င်း။ဝါ။ဟောရွတ်ခြင်း အထူးဖြင့်၎င်း။ ဝိစိတ္တသန္နိဝေသတာယ၊ ပုဒ်ဗျည်းခရာ၊ ဆန်းကြယ် စွာပြု၊ ဧဝေးသည်၏အဖြစ်ကြောင့်။ တယိဒံ၊ ထိုအသံသည်။ စိတ္တက္ခရံ၊ စိတ္တဗျဉ္ဇနံ၊ ဆန်းကြယ်သောခရာပုဒ်ဗျည်းရှိသည်မည်၏။ တထာပဝတ္တဝိကပ္ပဝသေန၊ ထိုသို့ခြင်းရာ၊ ဆန်းကြယ်စွာဖြစ် သော ကာဗျာသီချင်းဝိကပ်၏အစွမ်းဖြင့်။ စိတ္တဝိစိတ္တဘာဝေန၊ အလွန်ဆန်းကြယ်သည်၏ အဖြစ်ကြောင့်။ ဥပဘိဋ္ဌနကံ၊ တကြိမ် ကြားက နားရင်းမကွာ၊ မြဲမြန်စွာတည်၍၊ နှောင်ဖွဲ့တတ်သော၊ ဝါ။ ယုတ်သောအဖို့၌တည်၍ စီးပွားချမ်းသာကို၊ ဖျက်ဆီးတတ်

သော နဋ္ဌဂီတသီချင်းသံကို။ သန္ဓာယ၊ ရည်ညွှန်းတော်မူ၍။ ယံစိတ္တကမ္ခရံ၊ လ။ ဥပ္ပဇ္ဇန္တိ ိတိ ယံစိတ္တကမ္ခရံ။လ။ ဥပ္ပဇ္ဇန္တိဟူသော စကားကို။ အာဟ၊ မိန့်ပြီ။ ။ဤကား ယောဇ္ဇနာ။ ဤပါဠိ၌ ကဗျပုဒ်ကို။ ကဝတေတဉ္စယတေတိကဝံ၊ ကာဗျာဂီတဘေဒံ၊ တံကရောတီတိကဝိ၊ ကလယောကဗျော၊ အထဝါ၊ ကဝံတိဂီတကမ် စိတြံဝါ ကရောတီတိကဝိ။ တထာ၊ ကဗျော။ ။ဟူ၍ ဝစနတ္ထပြု။ ။ယံဂီတံ၊ အကြင်ကဗျာသီချင်းကို။ ကဝတေတဉ္စ ယတေ၊ နာသူမုံရာဇ၊ နှစ်သက်အပ်၏။ ဣတိ၊ ထိုကြောင့်။ တံ၊ ထိုဂီတသည်။ ကဝံ။ ကဝမည်၏။ကာဗျာဂီတဘေဒံ၊ ကာဗျာ သီချင်းအထူးကိုရ၏။ ယော၊ အကြင်သူသည်။ တံ၊ ထိုကာဗျာ သီချင်းကို။ ကရောတိ၊ ပြုပြင်စီရင်တတ်၏။ ဣတိ၊ ထိုကြောင့်။ သော၊ ထိုသူသည်။ ကဝိ၊ ကဝိမည်၏။ ကလ၊ ကလရာကို။ ယောဇယတိ။ ကဗျော၊ ကဗျပုဒ်ဖြစ်စေ။ အထဝါ၊ တနည်းကား။ ယော၊ အကြင် သူသည်။ ကဝတိ၊ ဂီတကမံကရောတိ၊ ကာဗျာသီချင်းအစဉ်ကို ပြုပြင်စီရင်တတ်၏။ စိတြံဝါကရောတိ၊ ပလီဆန်းကြယ်၊ ပြဲ ယာယ်ဝေဝုစ်၊ မှုဒ်ဗျည်းခရာကိုလည်း၊ ပြုပြင်စီရင်တတ်၏။ ဣတိ။ ထိုကြောင့်။ သော၊ ထိုသူသည်။ ကဝိ၊ ကဝိမည်၏။ တထာ၊ ရှေးနည်းအတူ။ ကဗျော၊ ကဗျပုဒ်ဖြစ်စေ။ ။ဤကားယောဇ္ဇနာ။

ဤဝစနတ္ထ၌။ ကဝံ ဝါဒ်၊ တင္ဌနကြိယာ၊ ဂီတကရဏ၊ စိတြ ကရဏကြိယာ၊ နေဝံဝိကပ်ကို။ ဃာယတိဂန္ဓေ ပါဒ်နံ ကရောတိ ဝစနတ်ကဲ့သို့မှတ်။ ။မဟာနိဝိအာဘိဓာန်၌။ ။ကဝ။သတ္တုတော် ဝဏ္ဏနေ။ ဟူ၍ လာသည်ကိုလည်းရှု။ ကဝ။ ကဝပုဒ်သည်။ သတ္တုတော်၊ နှစ်သက် ရွှင်မို့၊ ကာဗျာပျို့၌ရင်း။ ဝဏ္ဏနေ၊ ကာ ဗျာသီချင်း အစဉ်ကိုပြုခြင်း၊ ဆန်းကြယ်ခြင်းကို ပြုခြင်းစသော

အနက်၌ရင်း၊ ဖြစ်၏။ ဤကားယောဇနာ။ ။ဝဏ္ဏပုဒ်၏အနက်ကိုလည်း၊ ယှဉ်အဘိဓါန်၌" ဝဏ္ဏ။ ဝဏ္ဏနေ။ ဟူ၍ရင်း။ဂီတကြမေ။စိတြေစ။ဟူ၍ရင်း။ လာသည်ကိုလည်းရှုလေ။ ။ဝဏ္ဏ။ ဝဏ္ဏပုဒ်သည်။ဝဏ္ဏနေ။ ချဲ့ခြင်း၊ စီရင်ခြင်းစသောအနက်၌ဖြစ်၏။ ဂီတကြမေ၊ ကာဗျာသီချင်းအစဉ်ကိုပြုခြင်းအနက်၌ရင်း။ စိတြေစ၊ ဆန်းကြယ်ခြင်းကို ပြုခြင်းအနက်၌ရင်းဖြစ်၏။ ။ဤကားယောဇနာ။ နဋ္ဋကပုဒ်ကို။ ။နဋ္ဋတိဟိံသတိ သဿပရေဇေဝေါနာတိ။ဝါ။နဋ္ဋော၊ သောအဿအတ္ထိတိနဋ္ဋကော။ ။ဟူ၍ဝစနတ္ထပြု။ ယောအဘိနယော၊ အကြင်ကာဗျာသီချင်း ကခြင်းအထူးကို စီရင်ခြင်းသည်။ ဝါ။ တနည်းကား။ ဇေကာန၊ ထိုစီရင်ခြင်းဖြင့်။ သဿပရေ၊ မိမိဟုဆိုအပ်သောစီရင်သူနှင့်တကွ၊ သူတပါးတို့ကို။ နဋ္ဋတိ ဟိံသတိ၊ ညှဉ်းဆဲတတ်၏။ ဣတိ၊ ထို ၂ါးသော သဘာတ်ကြောင့်။ သော၊ ထိုအဘိနယအမှုသည်။ နဋ္ဋော။ နဋ္ဋမည်၏။ သော၊ ထိုနဋ္ဋသည်။ အဿ၊ ထိုသူအား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ သော၊ ထိုသူသည်။ နဋ္ဋကော၊ နဋ္ဋကမည်၏။

ဤကားယောဇနာ။

ဤဝစနတ္ထကို၊ မဟာနိ မိအဘိဓာန်၌။ ။နဋ၊ ပုံ။ နဋ္ဋတိ၊ နဋ၊ အစ်နာဋကာဒိဣဒ္ဓိဂျကာဗျာဘိနယကဏ္ဍရိ၊ နဏ္ဍယဘောဒေ။ ။ဟူ၍လာသည်ကိုရင်း။ ။နဋ္ဋး၊ ကြီဒတျ။ ဟိံသနေ။ ။ဟူ၍လာသည်ကိုရင်း။ ထောံရှု၍သိလေ။

နဋ၊ နဋပုဒ်သည်။ ပုံ၊ ပုံလိန်။ နဋ္ဋတိ၊ ညှဉ်းဆဲတတ်၏။ နဋ္ဋ၊ နဋ္ဋဓာတ်။ အစ်၊ အပစ္စည်း။ နာဋကာဒိဣဒ္ဓိဂျ။ ကာဗျာဘိနယကဏ္ဍရိ၊ ကချီသည်အစရှိကုန်သောသွင်သည်တစုတို့ စက္ခု၊ သောတနှစ်ဝကြိုက်ကုံ၊ အာရုံမက်ဖွယ်၊ ဆန်းကြယ်သော ကသီခြင်း

ကာဗျာအမှုကို ပြုပြင်စီရင်ခြင်း၌ရင်း။ နိုက္ကကဘောဒေ၊ ကခြင်းအထူး၌ရင်းဖြစ်၏။ ။နဋ္ဋ၊ နဋ္ဋပုဒ်သည်။ ဤတျော။ ကခြင်း၌။ ဟိံသနေ၊ ညှင်းဆဲခြင်း၌ဖြစ်၏။ ။ဤကားယောဂ္ဂါ။ ဝေဝစနပုဒ်ကို။ သာသနတော၊ ဝေဗျတိရိတ္တာပနတော၊ ဂုဏသသမ္ဗာဓာပနတော ဝါ၊ ဝစိယတောဂိယတောတိဝေဝစနံ၊ ကာဗျာဂီတက္ခရံ။ ။ဟူ၍ဝစနတ္ထပြု။

သာသနတော၊ သာသနာတော်ကို။ ဝေဗျာတိရိတ္တာပနတော ဝါ၊ ပျက်ကင်းဆုတ်ယုတ် တိန်မြုဇ်စေသော အားဖြင့်၎င်း။ ဂုဏသ၊ ကာမဂုဏ်ကို။ သမ္ဗာဓာပနတော ဝါ။ ကြီးပွားစေသောအားဖြင့်၎င်း။ ဝါ။ ခေါ်စေသောအားဖြင့်၎င်း။ ယံစိတ္တက္ခရံ။ အကြင်ဆန်းကြယ်သောခရာပုဒ်ဗျည်းကို။ ဝစိယတော၊ ဂီယတော၊ သာရကြူးချီ၊ ရွတ်သီအပ်၏။ ဣတိ၊ ထိုကြောင့်။ တံ၊ ထိုခရာပုဒ်ဗျည်းသည်။ ဝေဝစနံ၊ ဝေဝစနမည်၏။ ကာဗျာဂီတက္ခရံ၊ ကာဗျာဂီတခရာပုဒ်ဗျည်းကိုရစေ။ ဤကားယောဇ္ဇာ။ ။

ဝေဝစနပုဒ်၏အနက်ကို။ သဒ္ဒသိန္ဓုအဘိဓါန်၌။ ။ငဝး၊ ပဒပူရဏာ‌ထ၊ အဗျယ၊ သမ္ဗာဓန၊ အနုနယ၊ ဗျတိရိတ္တ၊ ပုတ္တာ။ ။ဟူ၍လာသည်ကို၎င်း။ ။မုတ္တာဝလိအဘိဓါန်၌။ ဝစနပုဒ်၏အနက်ကိုပြရာ၌။ ။ဂီ၊ ဂါထာ။ ဂဏး။ ။ဟူ၍လာသည်ကို၎င်း။ ထောက်ရှု၍သိအပ်၏။

